မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၆)၊ အမှတ် (၁၄၄)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိုင်းပွန်တံတားကြီးအား စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်ပြီးစီးအောင် တည်ဆောက်
မြေလွတ်မြေရိုင်းများဖော်ထုတ်၍ ဒေသနှင့်ကိုက်ညီသော သီးနှံများတိုးချဲ့စိုက်ပျိုး
ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် သီးနှံစိုက်ပျိုးမှု ကြည့်ရှုစစ်ဆေး မှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ၁၈ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့မှ တောင်ကြီး–လဲချား–မိုင်းရှူးကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး မိုင်းပွန်မြို့နယ် မိုင်တိုင်(၁၅၂/၇)တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၉)က တာဝန်ယူ တည်ဆောက်လျက်ရှိသော နမ့်ပွန်ချောင်းဖြတ်ကူး မိုင်းပွန်တံတားတည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

မိုင်းပွန်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း နမ့်ပွန်ချောင်းဖြတ်ကူး မိုင်းပွန်တံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြပ်မတ်ဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့အား ရှင်းလင်းဆောင်၌ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသန်းဆွေက စီမံကိန်းလုပ်ငန်းအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တံတားကြီးအား စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်အမီ ပြီးစီးအောင် တည်ဆောက်ရေး၊ ရေရှည်ကြံ့ခိုင်မှုရှိရေးအတွက် စနစ်တကျကြပ်မတ်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်အန္တရာယ် *စာမျက်နှာ ၉ ကော်လံ ၁* ●

မြန်မာ့အလင်း

ပြည်တွင်း ပြည်ပ သတင်း အညွှန်း

နယ်လှည့်စာကြည့်တိုက်ဖွင့်

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲ၊ ဗီဒီယိုပြပွဲနှင့် ဟောပြောပွဲကို ယိုးတရုတ်ကျေးရွာ လဝန်းနီစာကြည့်တိုက်၌ ဇန်နဝါရီ၂၄ရက်က ကျင်းပခဲ့သည်။ ပြည်တွင်းသတင်း အတိုအထွာ (စာ–၁၁)

စူးရှသောအသံများကို အစဉ်အမြဲကြားရပါက စိတ်ဖိစီးမှုဒဏ်နှင့် နာခေါင်းကြောထိခိုက်မှုများကိုကြုံတွေ့ရနိုင်။ အင်တာနက်ကျန်းမာရေး (စာ–၄)

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်များ ရေးဆွဲ

အသင်းကြီးများ ထိပ်တိုက်ဆုံတွေ့မှု ရှောင်ရှားနိုင်

ကမ္ဘာတစ်လွှား အားကစား (စာ–၁၂)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး စည်းလုံးညီညွတ်သည့်စွမ်းအားဖြင့် ဖော်ဆောင်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် ယုံကြည်ချက်၊ ခံယူချက် မှန်ကန်ခိုင်မာသော လူငယ်လူရွယ်များကို အခြေခံ၍ ဖွဲ့စည်းထားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့် အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး(အထူး) သင်တန်းအပါအဝင် သင်တန်းများဖွင့်လှစ်၍ အသင်းဝင်များ အရည်အချင်းပြည့်ဝရေး၊ အတွေးအခေါ် ဗဟုသုတ တိုးပွားရေးနှင့် လုပ်ငန်းဆိုင်ရာ အလေ့အကျင့်ကောင်းများ ရရှိရေးတို့အတွက် စဉ်ဆက်မပြတ် လေ့ကျင့်ပေးလျက် ရှိသည်။

ဗဟိုအဆင့်၊ ဒေသဆိုင်ရာအဆင့်များတွင် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းကြောင့် အသင်းဝင် တစ်ဦးချင်း၏ အရည်အသွေးများ မြင့်မားလာခြင်းနှင့်အတူ အသင်းကြီး၏စွမ်းဆောင်ရည် တိုးတက်လာပြီး လူ့စွမ်းအား အရင်းအမြစ်များလည်း တိုးပွားလာလျက်ရှိသည်။

ဒေသခံပြည်သူများ အကျိုးအတွက် သင်တန်းက သင်ကြားပို့ချပေးသည့် အလေ့အကျင့်ကောင်းများကို ခံယူကျင့်သုံးရင်း တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို ထိထိရောက်ရောက် သယ်ပိုးဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်သစ် တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီးတွင် အသင်းဝင်များအားလုံး စစ်မှန်သည့် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် ထာဝစဉ်ရှင်သန်ခိုင်မာရေးကို အလေးထားကာ ပြည်သူတစ်ရပ်လုံး အင်တိုက်အားတိုက် ပူးပေါင်းလာအောင် စည်းရုံးစွမ်းဆောင်ကြရမည်ဖြစ်သည်။

နိုင်ငံတော်၏အကျိုးစီးပွားအတွက် မွန်မြတ်သည့်အသိတရား၊ မှန်ကန်သည့်စေတနာနှင့် လက်တွေ့ ကြိုးပမ်းအကောင်အထည်ဖော်မှုများကြောင့် အချိန်တိုအတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ပြည်သူများ ခံစားနေကြရပြီဖြစ်သည်။

နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးကို ဖော်ဆောင်မည့် တိကျပြတ်သားသည့် ရည်မှန်းချက်ပန်းတိုင်၊ မွန်မြတ်မှန်ကန်သည့်မူ၊ လက်တွေ့ကျသည့် လမ်းစဉ်များရှိပြီးဖြစ်ရာ အသင်းဝင်များနှင့် ပြည်သူများအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ စည်းလုံးညီညွတ်သည့်စွမ်းအားတို့ဖြင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး ဝိုင်းဝန်းဖော်ဆောင်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်ဖက်မိဘ မောင်နှမများအား ရည်စူး၍ ရန်ကုန်မြို့ အလုံမြို့နယ် ဗဟိုလမ်း မြန်မာ့မီးရထား အရာရှိရိပ်သာ အမှတ် (၉၃/အေ)၊ အခန်း-၈နေ ဦးသိန်းထွန်း-ဒေါ်ခင်ခင်နှင့် သားသမီး၊ မြေးများ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်း၊ ဆွမ်းပဒေသာပင်အတွက် တစ်သောင်း၊ ပစ္စည်းလေးပါး ပဒေသာပင်အတွက် တစ်သောင်း၊ ရေ၊ မီး၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ငါးထောင် စုစုပေါင်းငွေကျပ် ၁၂၅၀၀၀ကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အခြေခံပညာရေး အရည်အသွေးမြှင့်မားရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ဆရာ၊ ဆရာမများ အရည်အချင်းနှင့် အရည်အသွေးမြှင့်မားရန်လို

ဆရာအတတ်ပညာ အရည်အသွေးပြည့်ဝရေးသင်တန်း၌ ကြိုးပမ်းလေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပညာရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ပညာရေးနည်းပညာအထူးသင်တန်းအမှတ်စဉ်(၂)သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီက မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာချမ်းငြိမ်း တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ဝန်ကြီးဒေါက်တာချမ်းငြိမ်းက အမှာစကားပြောကြားရာ၌ အခြေခံပညာအထက်တန်းအဆင့် ဘာသာပြဆရာ ဆရာမများ၏ သင်ကြားမှုအရည်အသွေးမြှင့်မားရေးအတွက် အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒဘာသာပြဆရာများသင်ကြားရေးမွမ်းမံသင်တန်းကို ၂၀၀၆ခုနှစ် နွေရာသီ ကျောင်းပိတ်ရက်အတွင်း ဖွင့်လှစ်လေ့ကျင့်ပေးခဲ့ပြီး ယခုလာမည့် ၂၀၀၇ခုနှစ် နွေရာသီကျောင်းပိတ်ရက်ကာလတွင်လည်း ထပ်မံလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့် ပညာရေးနည်းပညာ အထူးသင်တန်းအမှတ်စဉ်(၂)ကို ရန်ကုန်ပညာရေးတက္ကသိုလ်၌ သင်တန်းသား၅၈၃ဦးနှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်၌ သင်တန်းသား ၆၁၅ဦး စုစုပေါင်း၁၁၉၈ဦး တက်ရောက်နိုင်ရန် စီစဉ်ထားကြောင်း၊ အခြေခံပညာရေး အရည်အသွေးမြှင့်မားရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဆရာ၊ဆရာမများ၏ ဘာသာရပ်ပညာအရည်အချင်းနှင့် ဆရာအတတ်ပညာ အရည်အသွေးမြှင့်မားရန် လိုအပ်သဖြင့် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဆရာအတတ်ပညာ အရည်အသွေးပြည့်ဝရေးအတွက် ပညာရေးနည်းပညာအထူးသင်တန်း၌ ကြိုးပမ်းလေ့လာသွားကြရန်လိုကြောင်း မှာကြားသည်။

မှာကြား ဖြည့်ဆည်းပေး

ထို့နောက်တစ်ဆင့် ဝန်ကြီးဒေါက်တာချမ်းငြိမ်းသည် မန္တလေးတက္ကသိုလ်သို့ ရောက်ရှိပြီး သတ္တဗေဒ၊ ရက္ခဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ သိပ္ပံလက်တွေ့အခန်းများကိုလည်းကောင်း၊ မန္တလေးအဝေးသင် တက္ကသိုလ်သို့လည်းကောင်း၊ ရတနာပုံတက္ကသိုလ်သို့ရောက်ရှိပြီး သတ္တဗေဒ၊ ရက္ခဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ကုန်ထုတ်ဓာတုဗေဒ သိပ္ပံလက်တွေ့ခန်းများကိုလည်းကောင်း၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်သို့လည်းကောင်း သွားရောက်စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အမှာစကား

အလားတူ ပညာရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့်ပညာရေးနည်းပညာအထူးသင်တန်းအမှတ်စဉ်(၂)သင်တန်းဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပညာရေး ဝန်ကြီးဌာနဒုတိယဝန်ကြီးဦးမျိုးညွန့် တက်ရောက် အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်ပညာရေးတက္ကသိုလ် စိတ်ပညာဌာန ပါမောက္ခဌာနမှူး ဦးမျိုးတင့်က သင်တန်းဆိုင်ရာအချက်အလက်များကို လည်းကောင်း၊ သင်တန်းရေးရာဌာနမှူး ဒေါ်မြင့်မြင့်သိန်းက သင်တန်းစည်းကမ်းဆိုင်ရာ အချက်အလက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၅၈၃ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၆ရက်က အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ တည်ထားကိုးကွယ်မည့် ဝိပဿနာစေတီတော်ကြီးအတွက် လေယာဉ်ပျံတံဆိပ် ဒေါ်လှရှင် ဆေးလိပ်ခုံပိုင်ရှင် ဒေါ်သန်းညွန့် အသက်(၈၀)ပြည့်မွေးနေ့ မင်္ဂလာ ရေနံချောင်းမြို့မှ အလှူငွေကျပ် ငါးသိန်းပေးအပ်လှူဒါန်းရာ ဓမ္မဂီရိ ဝိပဿနာအဖွဲ့ ဂေါပကဥက္ကဋ္ဌ ဦးဥဂ္ဂါက လက်ခံယူစဉ်။ (က-ပ)

သီတဂူ ဓမ္မဗိမာန် အထူးတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D:Litt) (Ph.D)သည် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် မြောင်းတကာစံပြကျေးရွာ ကွင်းဘုရားကြီးရှေ့ တရားသဘင်တွင် သီတဂူအပြည်ပြည်ဆိုင်ရာ ဓမ္မဗိမာန်တော်ကြီးတည်ဆောက်ရန် အထူးတရားပွဲကို ၁၃၆၈ ခုနှစ် တပေါင်းလဆန်း ၁၁ ရက် ည ၇နာရီတွင် ဟောကြားမည်ဖြစ်ရာ တရားနာကြွရောက်ကြပါရန် တရားပွဲကျင်းပရေး အကျိုးတော်ဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ဖေဖော်ဝါရီ ၁၀ ရက်က အမက(၂၅)တောင်ဥက္ကလာပမြို့နယ်၏ ၂၀၀၅-၂၀၀၆ပညာသင်နှစ် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ငါးနှစ်ဆက်တိုက် ထူးချွန်ဆုရ မပြုံးမြမြမင်းအား ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်မြင့်က ဆုချီးမြှင့်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၁-၂-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၁၀	၆။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၂၀	၇။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မိုးလေဝသသတင်း
၆း၂၅	၁၃။	လျှပ်တစ်ပြက်
၆း၃၅	၁၄။	လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သံစဉ်မဲ့မေတ္တာ"** (အပိုင်း-၁၀)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	English Usage
	၁၉။	ဗီစီဒီကျော်ကြားတေးများ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း-၂၃)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ဒေဝူးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာနှင့်အဖွဲ့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား Daewoo International E&P ကုမ္ပဏီ Managing Director, Dr. Su-yeong yong ဦးဆောင်သောအဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ရခိုင်ကမ်းလွန်လုပ်ကွက် အမှတ် A1 နှင့် A-3 စီမံကိန်းအကောင်အထည် ဖော်ရေးကိစ္စရပ်များကို အသေးစိတ် ဆွေးနွေးညှိနှိုင်းကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစိုးမြင့်၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးမြင့်ကြည်၊ စွမ်းအင်စီမံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ညွှန်ကြားရေးမှူး(ကမ်းလွန်) ဦးမြင့်ဌေးနှင့် တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၂)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

❒ ကျောဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် အဖွဲ့ဝင်များသည် လှည်းကူးမြို့နယ် ဒါးပိန်ကျေးရွာအုပ်စု သခွတ်ပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ပဲခူးမြို့ ဓမ္မလင်္ကာရ ကျောင်းတိုက်၏ ဦးစီးပဓာနနာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သက်တော်ရှည် ဆရာတော်ဘဒ္ဒန္တ ဝိသုဒ္ဓနှင့် သခွတ်ပင်ကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဝါယမတို့အား ဖူးမြော် ကြည်ညိုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းတို့သည် သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓထံ သင်္ကန်းအစ ရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် သခွတ်ပင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ဒေသခံကျေးရွာ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ တိုင်း၊ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက အမှာစကားပြောကြားရာတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် မိမိတို့ အဖွဲ့ဝင်များ လာရောက်ခြင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ် ဆောင်ရွက်နေမှုနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း။

လက်တွဲဆောင်ရွက်

အလားတူ ဒါးပိန်-သခွတ်ပင် ကျေးရွာချင်းဆက် လမ်းပိုင်းကိုလည်း ရာသီမရွေးသွားလာနိုင်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းသည် နိုင်ငံတော်၏ စီးပွားရေးကို အဓိက အထောက်အကူပြုပေးသည့် တိုင်းကြီးတစ်ခုဖြစ်ပြီး စက်မှုကဏ္ဍက ပထမဖြစ်၍ လယ်ယာကဏ္ဍမှာ ဒုတိယဖြစ်ကြောင်း၊ လယ်ယာကဏ္ဍတွင် မိုးစပါးဧက ၁၂ သိန်းနှင့် နွေစပါးဧက ၂၄၀၀၀၀စိုက်ပျိုးလျက်ရှိကြောင်း၊ လယ်ယာကဏ္ဍပိုမို ဖွံ့ဖြိုးတိုးတက်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိ ကျော်လွန်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်သာမက ဆီထွက်သီးနှံနှင့် ပဲမျိုးစုံကိုလည်း ပိုမိုတိုးတက် စိုက်ပျိုးကြရန်လိုကြောင်း၊ သို့မှသာ လူတစ်ဦးချင်း ဝင်ငွေ တိုးတက်လာရုံမက ဒေသလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ပြင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက်လည်း ဒေသခံ ပြည်သူများက တာဝန်ရှိသူများနှင့်အတူ ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲ အပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်တိုင်းမှူးဗိုလ်ချုပ် လှဌေးဝင်းတို့သည် ဒေသခံ ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့်အဖွဲ့ဝင်များလိုက်ပါလျက် အရှည်နှစ်မိုင်၊ မြေသားလမ်းအကျယ် ၁၈ပေရှိ ဒါးပိန်-သခွတ်ပင်ကျေးရွာ ချင်းဆက်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ် ဖြင့်ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဒါးပိန်ကျေးရွာရှိ ဦးသန်းလွင်၏ ပြည်ပသွင်းကုန်အစားထိုး အိမ်တွင်းစက်မှုလက်မှု မှုလီစက်ရုံသို့ ရောက်ရှိကြပြီး ပြည်တွင်းဖြစ်ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်း မှုလီတိုင်ထုတ်လုပ်နေမှုလုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဒါးပိန်ကျေးရွာတွင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း မှုလီစက်ရုံ ၂၂ ရုံရှိပြီး စက်ရုံတစ်ရုံလျှင် တစ်နေ့ မှုလီတိုင် အချောင်း ၂၀၀၀ စီ ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အဆိုပါ ကျေးရွာရှိ ဦးမျိုးလှိုင်၏ ပန်းပုလုပ်ငန်း အလုပ်ရုံသို့ ရောက်ရှိပြီး သစ်သားပန်းပု ပုံဖော်ထုဆစ်နေမှုများကို ကြည့်ရှုအားပေးရာ မြန်မာနိုင်ငံ ရိုးရာ ပန်းပညာရှင်များ အစည်းအရုံး(ဒါးပိန်) ဥက္ကဋ္ဌ ဦးထွန်းငွေက ရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ပြည်တွင်းပြည်ပရောင်းတန်းဝင် ပန်းပုရုပ်များကို ကြည့်ရှုအားပေးကြသည်။

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ဆားတလင်း-ဒါးပိန် ကားလမ်းနံဘေးရှိ စက်မှုလက်မှုရပ်ကွက် တည်ဆောက်ရန်လျာထားသည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားကာ ညနေပိုင်းတွင် ဒါးပိန်ကျေးရွာမှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ဇီးကုန်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို မတ် ၂၅ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီမှ ၁၁နာရီအထိ ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်၊ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ကုန်သွယ်/လယ်ယာဓမ္မာရုံ၌ ကျင်းပမည်ဖြစ်၍ ဇီးကုန်းမြို့နယ်သူ မြို့နယ်သားအားလုံးအသင်းဝင်သည် ဖြစ်စေ၊ မဝင်သည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ပေးပို့

အသက် ၈၀နှင့်အထက် အသင်းဝင်သက်ကြီးအဘိုးအဘွားများ၊အသင်းဝင်တို့၏သားသမီးများဖြစ်ကြသော ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရှင်များ၊အတန်းလိုက်ပညာရည်ချွန်(ပထမ)နှင့်ဘာသာရပ်ထူးချွန်(ပထမ)ရရှိသူများ၏ အမည်စာရင်းကို အမှတ်စာရင်းအထောက်အထားများနှင့်အတူ မတ် ၁၄ရက် နောက်ဆုံးထား၍ ဦးသန်းအောင် ဖုန်း-၀၉-၅၁-၁၂၅၃၃၊၂၄၇၆၆၅၊ ဦးကျော်ဝင်း ဖုန်း-၂၀၂၉၉၁၊ ၂၀၀၀၂၉၊ဦးထွန်းအောင် ဖုန်း- ၅၀၁၅၃၆၊ ဦးအေးလှိုင် ဖုန်း-၅၂၇၀၄၀၊ ဦးညွန့်စိန် ဖုန်း-၅၈၄၇၁၅၊ ဦးခင်ရွှေ ဖုန်း ၃၇၁၂၀၁၊ ဦးအုန်းကျော် ဖုန်း- ၀၉-၅၁-၇၁၆၂၂၊ ၅၇၃၀၂၁၊ ဒေါ်သန်းအိ ဖုန်း- ၅၀၀၄၄၇၊ ဒေါ်မြင့်မြင့်ထူး ဖုန်း-၅၂၄၆၂၉၊ ဒေါ်သန်းသန်းအေး ဖုန်း-၅၃၅၉၄၇နှင့်ဒေါ်ခင်အေးရီ ဖုန်း-၆၆၁၄၀၉တို့သို့ဆက်သွယ် ပေးပို့ကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၅ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီမှ ၁၂နာရီအထိ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း ခြောက်ထပ်ကြီးဘုရားကြီးဝင်း ဘိုကလေးအသင်း သိမ်ကျောင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အသက်၇၅နှစ်နှင့်အထက် အသင်းဝင် အဘိုးအဘွားများကို ပူဇော်ကန်တော့ပြီး အသင်းဝင် သားသမီးများမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသားကျောင်းသူ များကို ပညာရည်ချွန်ဆုချီးမြှင့်မည်ဖြစ်ရာ ကန်တော့ခံ အဘိုးအဘွားများနှင့် ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများသည် ဖေဖော်ဝါရီ ၂၂ ရက် နောက်ဆုံးထား၍ ဦးတင့်ဇော်(ဥက္ကဋ္ဌ) ဖုန်း-၂၉၁၃၃၈၊ ဒေါ်မြင့်မြင့်စိန် (ဘဏ္ဍာရေးမှူး)ဖုန်း-၅၄၃၇၂၄နှင့် ဦးတင်မောင်မြင့်(အတွင်းရေးမှူး)အမှတ် ၅၄ တတိယထပ် ဘုန်းကြီးလမ်းရှိ ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) ဖုန်း- ၂၁၂၅၀၈တို့ထံ ဆက်သွယ်ကြ ရန်နှင့် ရန်ကုန်ရောက် မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(က-ပ)**

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

သမ္မတဘုရှ်၏ အီရတ်ဆိုင်ရာ မဟာဗျူဟာ အထက်လွှတ်တော် ဒီမိုကရက်အမတ်များ ဖိအားပေး

ဝါရှင်တန် ဖေဖော်ဝါရီ ၂၀

အီရတ်ဆိုင်ရာ မဟာဗျူဟာပြောင်းလဲရေး ဖိအားပေးသည့် နည်းလမ်းတစ်ရပ်အဖြစ် ၂၀၀၂ ခုနှစ်က သမ္မတဘုရှ်အား အီရတ်တွင် စစ်ဆင်ခွင့်ပြုမည့် အမိန့်အာဏာကို ပြန်လည်ဆန်းစစ်ရန် ကြိုးပမ်းမည်ဟု အမေရိကန်အထက်လွှတ်တော်မှ ထိပ်တန်းဒီမိုကရက်အမတ်များက ဖေဖော်ဝါရီ ၁၈ ရက်တွင် သန္နိဋ္ဌာန်ချလိုက်သည်။

အီရတ်တွင် တိုက်ခိုက်ရေးတာဝန်အစား အထောက်အကူပေးရေးတာဝန်ကို ပြောင်းလဲ ကန့်သတ်ရေးအတွက် စစ်ဆင်ခွင့်ပေးသည့် အခွင့်အာဏာကို ပြုပြင်ရန် ကြိုးပမ်းမည်ဖြစ်ကြောင်း အထက်လွှတ်တော် လက်နက်ကိုင်တပ်များ ကော်မတီဥက္ကဋ္ဌ ကားလ်လေဗင်က ပြောကြားသည်။ ၎င်းသည် မစ်ချီဂန်ပြည်နယ် ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ် ဖြစ်သည်။

အမေရိကန် ကွန်ဂရက်အနေဖြင့် သမ္မတဘုရှ်အား စစ်ဆင်ခွင့်ပေးသည့် အခွင့်အာဏာကို ဖျက်သိမ်းပြီး ပြန်လည်ပြုပြင်သင့်ကြောင်း၊ ထို့ပြင် အမေရိကန်တပ်များ၏ အီရတ်ဆိုင်ရာတာဝန်မှာ အယ်လ်ခိုင်ဒါများ ခြေကုပ်မယူနိုင်အောင် ကာကွယ်ရေးနှင့် အီရတ် တပ်ဖွဲ့ဝင်များအား လေ့ကျင့်ပေးရေးသာဖြစ်ကြောင်း ရှင်းလင်းဖို့ လိုအပ်သည်ဟု အမေရိကန်အထက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဂျိုးနက်ဘီဒင်က ပြောကြားသည်။

အီရတ်စစ်ပွဲမှာ နိုင်ငံသမိုင်းတွင် အဆိုးရွားဆုံး နိုင်ငံခြားရေး မူဝါဒအမှားဖြစ်ကြောင်း အထက်လွှတ်တော်အများစုခေါင်းဆောင် ဟာရီရိတ်က ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် တည်ဆောက်လျက်ရှိသော ဗဟိုဘဏ်အဆောက်အအုံကို ဖေဖော်ဝါရီ ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

၂၀၀၈ ပေကျင်းအိုလံပစ် ပြိုင်ပွဲအတွက် ရွှေ့ပြောင်းသန့်စင်ခန်း ၈၀၀ တည်ဆောက်မည်

ပေကျင်း ဖေဖော်ဝါရီ ၂၀

တရုတ်နိုင်ငံတွင် ၂၀၀၈ ပေကျင်းအိုလံပစ်ပြိုင်ပွဲကျင်းပရာ နေရာဝန်းကျင်တွင် ရွှေ့ပြောင်းသန့်စင်ခန်း ၈၀၀ တည်ဆောက်မည့် စီမံကိန်းတစ်ရပ်ကို ချမှတ်လုပ်ဆောင်မည် ဖြစ်သည်။

ပေကျင်းမြို့အတွင်းတွင် အိုလံပစ်ပွဲတော်သို့ လာရောက်သူများအသုံးပြုရန် ပိုမိုကောင်းမွန်သော သန့်စင်ခန်း ဝန်ဆောင်မှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း အိုလံပစ်ပွဲတော်ဝန်ဆောင်မှု တာဝန်ခံ ဂူကျူဝီက ပြောကြားသည်။

အဆိုပါစီမံကိန်းတွင် ကမ္ဘာလှည့်ခရီးသွားများရှိရာဒေသများနှင့် အဓိကလမ်းမကြီးများလည်း ပါဝင်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

သိရှိ

ပေကျင်းမြို့တွင် လူဦးရေ၁၄သန်းကျော်ရှိကာ ယခုအချိန်တွင် အများသုံး သန့်စင်ခန်း ၈၀၀၀ ခန့်ရှိကြောင်း သိရှိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်တာနက် – ကျန်းမာရေး



အမျိုးသမီးများ ကိုယ်ခန္ဓာအချိုးအစား ပြေပြစ်ရန် စနစ်တကျ လေ့ကျင့်ခန်းပြုလုပ်သင့်

လန်ဒန် ဖေဖော်ဝါရီ ၂၀

အမျိုးသမီးများ အနေဖြင့် ကိုယ်ခန္ဓာအချိုးအစား ပြေပြစ်ရန်အတွက် ငယ်ရွယ်စဉ် မည်သို့ပြုလုပ်ကြရမည်ကို မသိရှိကြရကြောင်း၊ အဝမလွန်ရန်အတွက် နည်းလမ်းမကျသော ကိုယ်အလေးချိန် လျှော့ချမှုများကို ပြုလုပ်နေသည့် အမျိုးသမီးအရေအတွက်က များပြားနေကြောင်း ဗြိတိန်နိုင်ငံမှ သုတေသနပညာရှင်များက ပြောကြားသည်။

တွေ့ရှိရ

အသက်(၁၇)နှစ်မှ(၃၄)နှစ်အကြား အမျိုးသမီး ၂၅၀၀၀ ကို သုတေသနပြုခဲ့ရာ နည်းလမ်းမကျသော ဆေးဝါးသုံးစွဲမှု၊ အစားအသောက် လျှော့ချမှုနှင့် နေထိုင်လှုပ်ရှားမှုတို့ ပြုလုပ်နေသော အမျိုးသမီးအရေအတွက်မှာ ၅၁ ရာခိုင်နှုန်းခန့် ရှိနေကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

ပြုစုထား

အစားအစာ ပုံမှန်ချင့်ချိန်စားသုံးမှု၊ ကိုယ်လက်လေ့ကျင့်ခန်း မှန်မှန်ပြုလုပ်ခြင်းသည်သာ ထိရောက်သော ကိုယ်အလေးချိန် လျှော့ကျနည်းများဖြစ်ပြီး ကိုယ်ခန္ဓာအချိုးအစား ပြေပြစ်မှုနှင့် အဝမလွန်မှုတို့ ဖြစ်စေမည်ဟု ဗြိတိန်သုတေသန ပညာရှင်များက ပြုစုထားသော သုတေသနစစ်တမ်း၌ ဖော်ပြသည်။

(အင်တာနက်)

စူးရှသောအသံကြောင့် စိတ်ဖိစီးမှု ဖြစ်နိုင်

လန်ဒန် ဖေဖော်ဝါရီ ၂၀

သေးငယ်စူးရှသောအသံများကို အစဉ်အမြဲကြားရပါက စိတ်ဖိစီးမှုဒဏ်နှင့် နာဖာကြောထိခိုက်မှုများကို ကြုံတွေ့ရနိုင်ကြောင်း ဗြိတိန်မှ သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

လူတို့အနေဖြင့် ပတ်ဝန်းကျင်မှ ရိုက်ခတ်လာသော အသံများအနက် စူးရှသောအသံများကို နားထောင်နိုင်စွမ်းရှိသူမှာ လူလေးဦးလျှင် တစ်ဦးသာရှိကြောင်း လေ့လာတွေ့ရှိရသည်ဟု ၎င်းတို့က ပြောကြားသည်။

ထိုစူးရှသံများသည် ဦးနှောက်နှင့်နား(အပေါ်ပုံ)**အတွင်းရှိ အာရုံနိုးကြားမှု နာဖာကြောလေးများကို ထိခိုက်မှုရှိနိုင်သည်ဖြစ်ရာ အချိန်ကြာမြင့်စွာ ကြားနေရပါက စိတ်ပိုင်းဆိုင်ရာ ဝေဒနာများရရှိနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင် ဒေါက်တာဂျွန်လောက ပြောကြားသည်။**

ထိုသို့သော အသံများတွင် မိသားစုအတွင်း အချင်းများချိန် ပြောဆိုသော အသံများနှင့် မော်တော်ယာဉ်များမှ ထွက်ရှိသော အသံများအပြင် မိမိပတ်ဝန်းကျင်မှ ထွက်ပေါ်လာသော အသံများပါဝင်ကြောင်း ၎င်းက ပြောကြားသည်။

(အင်တာနက်)



လကမ္ဘာ စူးစမ်းမည့် အာကာသယာဉ်မှူးများ စက်တံစီးတတ်ရန် လိုအပ်

ဆန်ဖရန်စစ္စကို ဖေဖော်ဝါရီ ၂၀

လကမ္ဘာ **(အပေါ်ပုံ)** သွားမည့် အာကာသယာဉ်မှူးများအနေဖြင့် တောလမ်းဖြတ် စက်တံစီးသည့် အတတ်ပညာကို ကြိုတင်လေ့လာ တတ်မြောက်သင့်ကြောင်း အပိုလိုလကမ္ဘာ စူးစမ်းရေးယာဉ်ဖြင့် လိုက်ပါခဲ့သူ အာကာသယာဉ်မှူး ဟာရစ်ဆန်ရှမစ်က တိုက်တွန်းလိုက်သည်။

လွယ်ကူသွားနိုင်

၁၉၇၂ခုနှစ် အပိုလို စူးစမ်းရေးတွင် လိုက်ပါခဲ့သူ ရှမစ်က ယင်းသို့ လေ့လာတတ်မြောက်ခြင်းဖြင့် လကမ္ဘာပေါ် ဆင်းသက်သောအခါ ပိုမိုမြန်ဆန်ပြီး ပိုမိုလွယ်ကူသွားနိုင်သည် ဆို၏။

စီစဉ်

အမေရိကန် အာကာသ အေဂျင်စီ (နာဆာ)က ၂၀၂၀ပြည့်နှစ်အရောက်တွင် လကမ္ဘာသို့ လူလိုက်ပါသည့် အာကာသယာဉ်များ စေလွှတ်ရန် စီစဉ်လျက်ရှိသည်။

ပြောဆို

လကမ္ဘာ၏ ဆွဲငင်အားသည် ကမ္ဘာမြေကြီး ဆွဲငင်အား၏ ခြောက်ပုံတစ်ပုံသာရှိကြောင်း သိရပြီး ရှမစ်၏ အကြံပြုချက်မှာ သူ့ကိုယ်တွေ့ပေါ် အခြေခံပြီး ပြောဆိုခြင်းဖြစ်သည်ဆို၏။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဘဂ္ဂဒက်မြောက်ပိုင်း၌ တိုက်ခိုက်ခံရမှု အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၀

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်၏ မြောက်ပိုင်းတွင် တိုက်ခိုက်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားကြောင်း အမေရိကန် စစ်ဘက်က ဖေဖော်ဝါရီ ၁၈ရက်က ပြောကြားသည်။ (ယာပုံ)

အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးမှာ ဘဂ္ဂဒက်မြောက်ပိုင်းတွင် မော်တော်ယာဉ်အတွင်း လက်ပစ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခံရမှုကြောင့် သေဆုံးသွားခဲ့ရခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

သေဆုံး

နောက်ထပ်တပ်ဖွဲ့ဝင်တစ်ဦးမှာလည်း ဘဂ္ဂဒက်မြောက်ပိုင်း၌ ကင်းလှည့်နေစဉ် တိုက်ခိုက်ခံရမှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

သတင်းထုတ်ပြန်

အီရတ်ကို အမေရိကန်တို့ ကျူးကျော်ခဲ့သည့် ၂၀၀၃ခုနှစ် မတ်လမှ စတင်ကာ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်အထိ သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် ၃၁၃၅ဦးရှိခဲ့ပြီဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က သတင်းထုတ်ပြန်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာရပ်နိုင်ငံများ စုစည်းညီညွတ်မှ

အမေရိကန်တို့၏မူဝါဒ ကျဆုံးမည်ဟု အီရန်နှင့်ဆီးရီးယားသမ္မတတို့ ပြောကြား

တီဟီရန် ဖေဖော်ဝါရီ ၂၀

အီရန်နိုင်ငံသို့ နှစ်ရက်ကြာ အလည်အပတ်ရောက်ရှိနေသော ဆီးရီးယားသမ္မတ ဘာရှာအယ်အာဆတ်က အီရန်သမ္မတ အာမက်ဒီနိရတ်နီဂျက်နှင့် တွေ့ဆုံရာ အီရတ်နိုင်ငံတွင် မတည်မငြိမ်ဖြစ်နေမှုနှင့် လက်ဘနွန် အကျပ်အတည်းကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြောင်း အီရန်သတင်းဌာန အိုင်အာရ်အင်န်အေက သတင်းထုတ်ပြန်သည်။

ဆီးရီးယားနှင့် အီရန်နှစ်နိုင်ငံတို့သည် အမေရိကန်နှင့်ဆက်ဆံရေး အဆင်မပြေသည့်နိုင်ငံများဖြစ်ပြီး ဆီးရီးယားနိုင်ငံအနေဖြင့် ပြီးခဲ့သည့် ၂၀၀၄ ခုနှစ်က ဆီးရီးယားဝန်ကြီးချုပ်ဟောင်း ရာဖစ်အယ်ဟာရီရီ သေဆုံးရမှုနှင့် လည်းကောင်း၊ အီရန်နိုင်ငံက နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍လည်းကောင်း၊ အမေရိကန်တို့ ဝင်ရောက်စွက်ဖက်မှုနှင့်ပတ်သက်ပြီး ဆက်ဆံရေးကောင်းမွန်မှုမရှိသည့် အခြေအနေရှိသည်။

အမေရိကန်တို့၏ အရှေ့အလယ်ပိုင်းမူဝါဒကျဆုံးရမည်ဖြစ်ကြောင်း၊ အာရပ်နိုင်ငံများ၏ စုစည်းညီညွတ်မှုဖြင့် အမေရိကန်တို့ မူဝါဒအောင်မြင်မှုရနိုင်မည်မဟုတ်ကြောင်း ဆီးရီးယားသမ္မတအာဆတ်က အီရန်သမ္မတနှင့် တွေ့ဆုံစဉ် ပြောကြားလိုက်သည်။

ထို့အတူ အီရန်သမ္မတကလည်း အီရတ်နိုင်ငံများ စုစည်းညီညွတ်မှုဖြင့် အမေရိကန်တို့ရန်မှ ကာကွယ်ကြရန် တိုက်တွန်း ပြောကြားခဲ့ကြောင်း အိုင်အာရ်အင်န်အေ သတင်းဌာနက ဖော်ပြသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ကျင်းပသည့် နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ဆုရရှိခဲ့သည့် တရုတ်ရုပ်ရှင် Tuya's Marriageဇာတ်ကားမှ ဒါရိုက်တာ ဝမ်ကျန်အင်နှင့် သရုပ်ဆောင် နန်ယူတို့ နှစ်ဦးအား ရွှေဝက်ဝံရုပ်တုနှင့်အတူ ဖေဖော်ဝါရီ ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘာလင်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွင် တရုတ် ရုပ်ရှင်ဇာတ်ကား အကောင်းဆုံးဆုဆွတ်ခူး

ဘာလင် ဖေဖော်ဝါရီ ၂၀

တရုတ်နိုင်ငံမှ Tuya's Marriage ရုပ်ရှင်ဇာတ်ကားသည် ဂျာမနီနိုင်ငံဘာလင်မြို့တွင် ကျင်းပသည့် နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ အကောင်းဆုံး ရုပ်ရှင်ဆုရရှိခဲ့ခြင်းမှာ ၁၉၉၃ ခုနှစ် နောက်ပိုင်း တရုတ်နိုင်ငံ ရုပ်ရှင်ဇာတ်ကားဆုရရှိမှုမှာ ပထမဆုံးအကြိမ်ပင် ဖြစ်သည်။

ရိုက်ကူး

အဆိုပါ ရုပ်ရှင်ဇာတ်ကားကို တရုတ်ဒါရိုက်တာ ဝမ်ကျန်အင်က ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံမြောက်ပိုင်းအတွင်း မွန်ဂိုလီးယားဒေသမှ တူယာအမည်ရှိ အမျိုးသမီးတစ်ဦး၏ အကြောင်းကို ရုပ်ရှင်ရိုက်ကူးထားခြင်း ဖြစ်သည်။

တရုတ်ရုပ်ရှင် Tuya's Marriage က အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုအဖြစ် ရွှေဝက်ဝံရုပ်တုရရှိခဲ့သလို ဒုတိယအကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုအဖြစ် ဒါရိုက်တာရေဘတ်ဒီနီရို၏ The Good Shepherd ရုပ်ရှင်ဇာတ်ကားက ငွေဝက်ဝံရုပ်တုရရှိခဲ့သည်။ ထိုနိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကို ဖေဖော်ဝါရီ ၈ရက်မှ စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂရိနိုင်ငံ အေသင်မြို့၌

ရှေးဟောင်းအဆောက်အအုံ တူးဖော်တွေ့ရှိ

အေသင် ဖေဖော်ဝါရီ ၂၀

ဂရိနိုင်ငံ အေသင်မြို့မှ အဆောက်အအုံတည်ဆောက်သူများသည် လွန်ခဲ့သော နှစ်ပေါင်း၂၅၀၀ခန့်က တည်ဆောက်ခဲ့သည့် အမိုးမပါ အားကစားရုံဟောင်းတစ်ခုကို မမျှော်လင့်ဘဲ တူးဖော်တွေ့ရှိခဲ့ကြကြောင်း သိရသည်။ ထိုအမိုးမပါ အဆောက်အအုံသည် ရှေးခေတ်အားကစားပွဲများ ကျင်းပခဲ့ရာ အဆောက်အအုံတစ်ခုဖြစ်ကြောင်း ရှေးဟောင်းသုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါ အဆောက်အအုံသည် ရှေးဟောင်းနယ်မြေဟု အများသိထားကြသည့် အေသင်မြို့ မီနီဒီအရပ်တွင် အဆောက်အအုံတစ်ခု ဆောက်လုပ်ရန် မြေကြီးများ တူးဖော်စဉ် ၎င်းအဆောက်အအုံ၏ အုတ်မြစ်များကို တွေ့ရှိခဲ့ကြခြင်း ဖြစ်သည်။

တည်ဆောက်

ထိုအဆောက်အအုံသည် ပြဇာတ်ရုံတစ်ခုကဲ့သို့ အတန်း ၁၃ တန်း ပါရှိပြီး ဘီစီလေးရာစုခန့်က တည်ဆောက်ခဲ့သော ရှေးဟောင်းအဆောက်အအုံတစ်ခုဖြစ်သည်ဟု သုတေသနပညာရှင်များက ပြောကြားသည်။

ယခုကဲ့သို့ တွေ့ရှိရခြင်းကြောင့် ရှေးခေတ်ယဉ်ကျေးမှုများကို ပိုမိုသိရှိခွင့်ရရန် အထောက်အကူပြုနိုင်ကြောင်း ဂရိနိုင်ငံယဉ်ကျေးမှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဗီဗီဗာဆီလို ပေါလောက ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အစပ်ဆုံးငရုတ်သီး

ကမ္ဘာပေါ်တွင် အစပ်ဆုံး ငရုတ်သီးမျိုးမှ ငရုတ်သီး တစ်တောင့်ကို တွေ့ရစဉ်။ (ယာပုံ)

မက္ကဆီကိုနိုင်ငံ နယူးမက္ကဆီကို ပြည်နယ်အတွင်း စိုက်ပျိုးထားသော ဘတ်ဂျိုလိုကီရာ ငရုတ်သီးမျိုးသည် ကမ္ဘာပေါ်တွင် အစပ်ဆုံးငရုတ်သီးမျိုးဖြစ်ကြောင်း ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခြင်းခံရသည်ဟု သိရသည်။ ၎င်းငရုတ်သီးမျိုးကို ယခုအခါ အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံဒေသတွင် စိုက်ပျိုးလျက်ရှိသည်။ **(အင်တာနက်)**

ကျားနှင့် ဝက်တို့ မိတ်ဆွေဖြစ်နေ

ကျားနှင့် ဝက်တို့ အေးချမ်းစွာ အတူနေလျက်ရှိသည်ကို တွေ့ရစဉ်။ (ဝဲပုံ)

ထိုင်းနိုင်ငံ ချန်ဘူရီပြည်နယ်ရှိ တိရစ္ဆာန်ဥယျာဉ်တွင် အသက်ခြောက်နှစ်အရွယ် ကျားတစ်ကောင်နှင့် နှစ်နှစ်အရွယ် ဝက်တစ်ကောင်တို့ အေးချမ်းစွာ အတူတကွ နေထိုင်လျက်ရှိသည်ကို ထူးခြားစွာတွေ့ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

(အင်တာနက်)

ထိုင်းနိုင်ငံတောင်ပိုင်း ပြည်နယ်သုံးခု၌ ဗုံးခွဲတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွား လူ ၁၂ ဦး ထပ်မံဒဏ်ရာရရှိ

ဗန်ကောက် ဖေဖော်ဝါရီ ၂၀

ထိုင်းနိုင်ငံ တောင်ပိုင်း ပတ္တာနီပြည်နယ်၊ နာရီသီဝပ်ပြည်နယ်နှင့် ယာလာပြည်နယ်တို့တွင် ဖေဖော်ဝါရီ ၁၉ ရက် ယမန်နေ့နှင့် ယနေ့နံနက်ပိုင်းတို့၌ ဗုံးခွဲတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွား၍ လူ ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

ဒဏ်ရာရ

ဖေဖော်ဝါရီ ၁၉ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီ ၄၅မိနစ်တွင် ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တာနီပြည်နယ်ရှိ မော်တော်ကားအရောင်းဆိုင်အပြင်ဘက်၌ ဗုံးတစ်လုံးပေါက်ကွဲသဖြင့် လူခုနစ်ဦး ဒဏ်ရာရရှိခဲ့သည်။

အလားတူ ဖေဖော်ဝါရီ ၁၉ ရက် (တနင်္လာနေ့)ညနေ ၅နာရီခွဲတွင် ထိုင်းနိုင်ငံတောင်ပိုင်း နာရီသီဝပ်ပြည်နယ်ရှိ ဆိုင်တစ်ဆိုင်၏ အပြင်ဘက်အမှိုက်ပုံးအတွင်း ထောင်ထားသော ဗုံးတစ်လုံးကို အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲခဲ့သဖြင့် လူငါးဦးဒဏ်ရာရရှိသွားသည်။

ထို့အတူ ဖေဖော်ဝါရီ ၂၀ ရက် (အင်္ဂါနေ့) နံနက် ၇နာရီခွဲတွင် နာရီသီဝပ်ပြည်နယ်ရှိ စာသင်ကျောင်းတစ်ကျောင်း၏ ဝင်ပေါက်အနီး၌လည်းကောင်း၊ နံနက် ၈ နာရီတွင် ချာနေးခရိုင် လမ်းဆုံတစ်ခု၌ လည်းကောင်း ဗုံးတစ်လုံးစီပေါက်ကွဲခဲ့သော်လည်း ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း သိရသည်။

ဖယ်ရှား

ထို့အပြင် ဖေဖော်ဝါရီ ၂၀ ရက် (အင်္ဂါနေ့) နံနက်ပိုင်းတွင် ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်ရှိ အရောင်းဆိုင်တစ်ဆိုင်အတွင်းသို့ လူတစ်ဦးဝင်လာပြီး အထုပ်တစ်ထုပ်ချကာ သုတ်သီးသုတ်ပြာပြန်ထွက်သွားသဖြင့် လုံခြုံရေးတာဝန်ရှိသူများက ထိုအထုပ်ကို အချိန်မီဖယ်ရှားစစ်ဆေးရာ အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲမည့် ငါးကီလိုဂရမ်အလေးချိန်ရှိသော လက်လုပ်ဗုံးဖြစ်နေကြောင်း သိရသည်။

သေဆုံး

ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တာနီပြည်နယ်၊ နာရီသီဝပ်ပြည်နယ်၊ ယာလာပြည်နယ်နှင့် ဆောင်ခလာပြည်နယ်တို့တွင် ဖေဖော်ဝါရီ ၁၈ ရက် (တနင်္ဂနွေနေ့) ညမှစပြီး ဗုံးအလုံး ၃၀ ကျော် ဖောက်ခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့၍ လူ ကိုးဦး ထက်မနည်း သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ ၆၀ ကျော် ရှိကြောင်း ထိုင်းမီဒီယာများ၏ ဖော်ပြချက်ကို ကိုးကား၍ အဆိုပါ ဆင်ဟွာသတင်းတွင် ရေးသားဖော်ပြထားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

(၇၉)ကြိမ်မြောက် အော်စကာဆု ကြိုတင်ရင်ခုန်သံ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၀

(၇၉)ကြိမ်မြောက် အော်စကာဆုချီးမြှင့်ပွဲကို လော့စ်အိန်ဂျလိစ်မြို့ ကိုဒတ်ကပွဲရုံ၌ ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျင်းပတော့မည်ဖြစ်သည်။ တစ်ကမ္ဘာလုံးမှ ရုပ်ရှင်ဝါသနာအိုးများ စိတ်ဝင်စားနေသည့် (၇၉)ကြိမ်မြောက် အော်စကာဆုချီးမြှင့်ပွဲ၌ ရေပန်းစားနေသော ရုပ်ရှင်၊ ဒါရိုက်တာ၊ အကောင်းဆုံး ရုပ်ရှင်သရုပ်ဆောင် အမျိုးသား၊ အမျိုးသမီး စသည်တို့အား ကြိုတင်ရင်ခုန်ခံစားနိုင်ရန် စုစည်းတင်ပြလိုက်ပါသည်။



အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆုအဖြစ် ရေပန်းစားနေသည့် လီယိုနာဒို။

အကောင်းဆုံးရုပ်ရှင်

အကောင်းဆုံး ရုပ်ရှင်ဆုရရှိရန် ရေပန်းစားနေသော ရုပ်ရှင်များမှာ "Babel"၊ "The Departed"၊ "Letters From Iwo Jima"၊ "Little Miss Sunshine" နှင့် "The Queen" ရုပ်ရှင်ဇာတ်ကားတို့ ဖြစ်သည်။

အကောင်းဆုံးဒါရိုက်တာဆု

အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုရရှိရန် ရေပန်းစားနေသူများမှာ "Letters From Iwo Jima" ဇာတ်ကားရိုက်ကူးသူ ဒါရိုက်တာ ကလင့်အိစ်ဝုဒ်၊ "The Queen" ရုပ်ရှင်ဇာတ်ကားရိုက်ကူးသူ ဒါရိုက်တာ စတီဖင်ဖရီးရားစ်၊ "United 93"ရုပ်ရှင်ရိုက်ကူးသူ ဒါရိုက်တာ ပေါလ်ဂရင်းဂရက်စ်၊ "Babel"ရုပ်ရှင်ရိုက်ကူးသူ ဒါရိုက်တာ အလီဂျန်ဒရိုဂွန်ဇာလက်စ်အီနာရီတူနှင့် "The Departed" ရုပ်ရှင်ရိုက်ကူးသူ ဒါရိုက်တာ မာတင်စကောစီတို့ ဖြစ်ကြသည်။

အော်စကာဆုအတွက် အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားအဖြစ် ရေပန်း စားနေသည့် "Babel" ရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။

သတင်းမှတ်စု
မောင်မောင်မြင့်ဆွေ

အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆု

အကောင်းဆုံး အမျိုးသား သရုပ်ဆောင်ဆုရရှိရန် ရေပန်းစားနေသူများမှာ "Blood Diamond" ရုပ်ရှင်မှ လီယိုနာဒိုဒီကာပရီရို၊ "Half Nelson"ရုပ်ရှင်မှ ရိုင်ရိုစ်လင်း၊ "Venus" ရုပ်ရှင်ဇာတ်ကားမှ ပီတာအိုတိုးလီ၊ "The Pursuit of Happyness" ရုပ်ရှင်ဇာတ်ကားမှ ဝဲလ်စမစ်၊ "The Last King of Scotland" ရုပ်ရှင်ဇာတ်ကားမှ ဖောရက်ဝိတ်တာကာတို့ ဖြစ်ကြသည်။

အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆုအတွက် ရေပန်းစားနေသည့် ကိတ်ဝင်းဆလက်။

အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆု

အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်ဆုရရှိရန် ရေပန်းစားနေသူများ မှာ "Volver"ဇာတ်ကားမှ ပီနေလိုပီ၊ "Notes on Scandal" ရုပ်ရှင်ဇာတ်ကားမှ ဂျူဒီဒင့်ချ်၊ "The Queen"ရုပ်ရှင်ဇာတ်ကားမှ ဟီလန်မီရင်၊ "The Devil Wears Prada"ရုပ်ရှင်ဇာတ်ကားမှ မာယယ်စထရစ်ပ်၊ "Little Children"ရုပ်ရှင်ဇာတ်ကားမှ ကိတ်ဝင်းဆလက်တို့ဖြစ်ကြသည်။

အကောင်းဆုံး ဒါရိုက်တာဆုအတွက် တစ်ပေးထားသည့် ကလင့်အိစ်ဝုဒ်။

အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု

အော်စကာဆုအတွက် အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုအဖြစ် "Babel"ဇာတ်ကားမှ အင်ဒရီရာနာဘာရာဇာ၊ "Notes on a Scandal"ဇာတ်ကားမှ ကိတ်ဘလန်ချက်၊ "Little Miss Sunshine" ဇာတ်ကားမှ အဘီဂေးလ်ဘရက်စလင်၊ "Dream girls" ဇာတ်ကားမှ ဂျန်နီဖာဟူဆန်၊ "Babel" ဇာတ်ကားမှ ရင်ကိုကီကူချီတို့ ရေပန်းစားလျက်ရှိသည်။

အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု

အကောင်းဆုံး အမျိုးသားဇာတ်ပို့အဖြစ် တစ်ပေးခံထားရသူများမှာ "Little Miss Sunshine" ရုပ်ရှင်ဇာတ်ကားမှ အလန်အာကင်၊ "Little Children"ရုပ်ရှင်ဇာတ်ကားမှ ဂျက်ကီအီရာလီဟာလေး၊ "Blood Diamond"ဇာတ် ကားမှ ဒီဂျေမွန်ဟွန်ဆူး၊ "Dream girls" ရုပ်ရှင်ဇာတ်ကားမှ အီဒ်ဒိုင်မူရာဖီ၊ "The Departed" ရုပ်ရှင်ဇာတ်ကားမှ မက်ဝေါလ်ဘတ်တို့ ဖြစ်ကြသည်။

(ကိုးကား-အင်တာနက်)

မြန်မာ့အလင်း အင်တာနက် သတင်း အတိုအထွာ

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှ ပါကစ္စတန်နိုင်ငံ လာဟိုးမြို့သို့ ထွက်ခွာသည့် ခရီးသည်ရထားတစ်စင်းပေါ်တွင် ဖေဖော်ဝါရီ ၁၈ ရက်က ဗုံးမပေါက်ကွဲမီ အိန္ဒိယ ရဲအဖွဲ့က သံသယရှိသူနှစ်ဦး၏ရုပ်ပုံကို ထုတ်ပြန်နိုင်ခဲ့သော်လည်း ဗုံးမပေါက်မီ ၁၅ မိနစ်အလိုတွင် ယင်းသံသယရှိသူနှစ်ဦး ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း အိန္ဒိယ ရဲအဖွဲ့က ပြောကြားသည်ကို ဖေဖော်ဝါရီ ၂၀ ရက်က အင်တာနက်သတင်းတွင်ဖော်ပြသည်။

ပေါ့အဆိုတော် ဘရစ်နီစပီးယားစ်၏ ဆံပင်ကို အမေရိကန်ရှိ ဆံပင်အလှပြုပြင်ဆိုင်တစ်ဆိုင်က ခေါင်းရိတ်ယူခဲ့ပြီး သူမ၏ဆံပင်ကို ဒေါ်လာတစ်သန်းဖြင့်လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ဝက်ဆိုက်ဘ်တစ်ခုတွင် လွှင့်တင်ထားကြောင်း ဖေဖော်ဝါရီ ၂၀ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

ဩစတြေးလျနိုင်ငံ၌ ၂၀၁၂ ခုနှစ်တွင် ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့များထုတ်လွှတ်မှုလျှော့ချနိုင်ရေးအတွက် အပေါ့စား မီးလုံးဟောင်းများ အသုံးပြုမှုကို ပိတ်ပင်ပြီး ပိုမိုထိရောက်စွာ အလင်းစွမ်းအားပေးနိုင်မည့် မီးလုံးများဖြင့် အစားထိုးသွားရန် စီစဉ်လျက်ရှိကြောင်း ဩစတြေးလျအစိုးရက ကြေညာထားသည်ကို ဖေဖော်ဝါရီ ၂၀ ရက်က အင်တာနက်သတင်းတွင်ဖော်ပြသည်။

ကမ္ဘာ့အကြီးဆုံး သင်္ဘောကြီးများဖြစ်သည့် ကွင်းမာရီ(၂)နှင့် ကွင်းအဲလီးစဘတ်(၂)တို့သည် ဖေဖော်ဝါရီ ၂၀ ရက်က ဩစတြေးလျနိုင်ငံ ဆစ်ဒနီဆိပ်ကမ်းသို့ ရှေ့ဆင့်နောက်ဆင့် ဝင်ရောက်ဆိုက်ကပ်ခဲ့ကြောင်း ဖေဖော်ဝါရီ ၂၀ ရက်က အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ မြို့တော် အစ္စလမ္မာဘတ်ရှိ တိရစ္ဆာန်ရုံ၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားရာ အနည်းဆုံး ဒေါင်းလေးကောင်နှင့် ဘဲငန်းတစ်ကောင်သေဆုံးခဲ့ကြောင်း ဖေဖော်ဝါရီ ၂၀ ရက်က အင်တာနက်သတင်းအဖြစ်ဖော်ပြသည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဖေဖော်ဝါရီ ၁၉ ရက်က လမ်းဘေးဗုံးထောင်တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်ငါးဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားခဲ့သည်ကို ဖေဖော်ဝါရီ ၂၀ ရက်က အင်တာနက်တွင်ဖော်ပြသည်။

(အင်တာနက်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ထမ်းများ မမှန်မကန်ဆောင်ရွက်ပါက တိုင်ကြားနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး ယုံကြည်အားထားသော သန့်ရှင်းသည့်အုပ်ချုပ်မှုယန္တရားဖြစ်ပေါ်စေရန် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ဝန်ကြီးဌာနအောက်ရှိ ဌာန၊အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုကို ရည်မှန်းချက်များ ချမှတ်လျက် တိကျမှန်ကန်စေရေးအတွက် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။

မေးမြန်းစုံစမ်းနိုင်

ဤသို့ ဆောင်ရွက်ပေးလျက်ရှိရာတွင် ဘဏ်လုပ်ငန်းနှင့်ငွေရေးကြေးရေးဆိုင်ရာကိစ္စများနှင့် ဆက်စပ်၍ လည်းကောင်း၊ အခွန်ဆိုင်ရာကိစ္စများနှင့် ဆက်စပ်၍လည်းကောင်း အခြားသိလိုသည့် အချက်အလက်များရှိပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၌ ပွင့်လင်းစွာ မေးမြန်းစုံစမ်းနိုင်သည်။

လုပ်ငန်းဆောင်ရွက်မှုများတွင် ဝန်ထမ်းများ၏ မမှန်မကန်ဆောင်ရွက်မှုကြောင့် အခက်အခဲပေါ်ပေါက်လျှင်သော်လည်းကောင်း၊ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုပြီး နိုင်ထက်စီးနင်းပြုကျင့်ခြင်း၊ တရားမဝင်ငွေကြေး၊ တံစိုးလက်ဆောင် တစ်စုံတစ်ရာတောင်းခံ၊ ပေးကမ်းရခြင်းများရှိလျှင်သော်လည်းကောင်း၊ ကျေနပ်မှုမရှိလျှင်သော်လည်းကောင်း ဖော်ပြပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်သည်။

ယင်းတို့မှာ ဝန်ကြီး ဖုန်း-၀၆၇-၄၁၀၀၅၅၊ ဖက်စ်-၀၆၇-၄၁၀၁၉၄၊ ဒုတိယဝန်ကြီး ဖုန်း-၀၆၇-၄၁၀၀၄၂၊ ဖက်စ်-၀၆၇-၄၁၀၁၈၂၊ ရုံးအဖွဲ့မှူး ဖုန်း-၀၆၇-၄၁၀၀၄၆၊ ဖက်စ်-၀၆၇-၄၁၀၁၈၉ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရုံး အမှတ်(၂၆) နေပြည်တော် e-mail address ፡ mofnr @ mptmail.net. mm တို့ဖြစ်သည်။

ထိရောက်မြန်ဆန်

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေဖြင့် အများပြည်သူများ၏ စည်းကမ်းနှင့်အညီ တိုင်ကြားချက်များကို တရားမျှတမှုရှိစေရေးအတွက် ဥပဒေနှင့်အညီ ထိရောက်မြန်ဆန်စွာ အရေးယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၁-၂-၂၀၀၇ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၀၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၂၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရက္ခဗေဒအထူးပြု) [ရက္ခဗေဒ]
- ၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၀၀ ၅။ မြန်မာစာ မြန်မာစကား
- ၁၇:၁၅ ၆။ **"တန်ဖိုး"** (ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း) (ဒါရိုက်တာ-သက်တင်)
- ၁၇:၂၀ ၇။ သီချင်းကြီးပဒေသာ
- ၁၇:၃၀ ၈။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၇:၄၀ ၉။ ရသပေါ်လွင်သရုပ်ဆောင်လွှင့်ပြင်
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၂။ သုတစုံလင်ရွှေညာဏ်ရှင်
- ၁၉:၀၀ ၁၃။ Discovery
- ၁၉:၁၅ ၁၄။ **"ဆုံစည်းခွင့်"** (မင်းထက်ကျော်ဇင်၊ဖိုးသောကြာ၊ မြတ်ကေသီအောင်၊ ချစ်သုဝေ) (ဒါရိုက်တာ-သိန်းဟန်-ဖီးနစ်)
- ၁၉:၂၅ ၁၅။ နိုင်ငံအဝှမ်းလွှမ်းမိုးစေချင် IT ဟောပြောပွဲအစီအစဉ်
- ၁၉:၄၅ ၁၆။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၁၉:၅၀ ၁၇။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ (ဒီဇိုင်းစုံလင် မြန်မာ့ပုသိမ်ထီးအသွင်)
- ၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ မြန်မာရုပ်ရှင် **"မေတ္တာနုနုစေလိုသူ"** (ညွန့်ဝင်း၊ ဝါဝါဝင်းရွှေ) (ဒါရိုက်တာ-ပြည့်စုံ)

မြင်းခြံမြို့နယ် ကတောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်၊ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဖေဖော်ဝါရီ ၁၇ ရက်က မန္တလေးတိုင်း မြင်းခြံမြို့နယ် ကတောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၏ မဟာဝေယံနှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မဟာဝေယံနှစ်ထပ်ကျောင်းဆောင်သစ်ကို ပညာရေး ဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (စီမံ)ဦးကျော်ဝင်း၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်ဝင်းကြည်နှင့် အလှူရှင် ဆရာတော်၏ ကိုယ်စား စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ (အထက်မြန်မာပြည်) ကြီးကြပ်ထောက်ပံ့ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမြင့် တို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းက မဟာဝေယံ နှစ်ထပ်ကျောင်းဆောင်သစ် မုခ်ဦး ဆိုင်းဘုတ်နှင့် မော်ကွန်းကျောက်စာ ဆိုင်းဘုတ်တို့ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက်နှစ်ထပ်ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အလှူရှင်ဆရာတော်၏ ကိုယ်စား ဦးစိုးမြင့်က နှစ်ထပ်ကျောင်းဆောင်သစ် လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး နှစ်ထပ်ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကိုမန္တလေးတိုင်း တိုင်းပညာရေးမှူးရုံးမှ လက်ထောက်ပညာရေးမှူး (စစ်ဆေးရေး) ဦးအောင်ဝင်းထံ ပေးအပ်သည်။

လျှပ်စစ်မီးလင်းရေး

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မြင်းခြံမြို့နယ် ကုက္ကဲကျေးရွာရှိ BIO MASS လျှပ်စစ်မီးလင်းရေးလုပ်ငန်း စီမံရေးရှင်းလင်းဆောင်သို့ ရောက်ရှိရာ စွမ်းအင်ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးဖေစိုးက BIO MASS လျှပ်စစ်မီးလင်းရေးအတွက် အသုံးပြုမည့် ဇီဝဒြပ်ထုကို မီးရှို့မည့်စက်များ အခြေအနေ၊ အင်ဂျင်ဒိုင်နမို Gas သန့်စင်စက်များ၏ အခြေအနေအရပ်ရပ်ကို လည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဆင့်က BIO MASS လျှပ်စစ်မီးလင်းရေးတွင် အဓိကကုန်ကြမ်း လိုအပ်ချက်ဖြစ်သော ကန္တာရရိုးနှင့်ပဲစင်းငုံရိုး ရရှိမှုနှင့် အသုံးချမှုအခြေအနေ၊ စိုက်ပျိုးဖြစ်ထွန်းနိုင်မှု အခြေအနေ အရပ်ရပ်ကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဗဟိုအတွင်းရေးမှူး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် BIO MASS လျှပ်စစ်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးက ငွေကျပ်သိန်း ၉၀ ကို ပေးအပ်လှူဒါန်းရာ မီးလင်းရေးကြီးကြပ် အကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌက လက်ခံသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် BIO MASS လျှပ်စစ်မီးလင်းရေးအတွက် စက်တည်ဆောက်မည့် အဆောက်အအုံနေရာကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကုက္ကဲကျေးရွာရှိ သစ်တောရေးရာဝန်ကြီးဌာနနှင့် TERI (India)တို့ ပူးပေါင်း ဆောင်ရွက်လျက်ရှိသော BIO MASS Gasifier စမ်းသပ် ထုတ်လုပ်မှုအခြေအနေကို မြန်မာ့စားသောက်ကုန်လုပ်ငန်း အထွေထွေမန်နေဂျာဦးတင်အောင်က ရှင်းလင်းပြသရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီးက လိုက်လံကြည့်ရှုစစ်ဆေး၍ ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် ကုန်ကျစရိတ်သက်သာပြီး ကျေးလက်ပြည်သူများ အကျိုးရှိစွာအသုံးပြုနိုင်ရန် အာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အထည်နှင့်ဆေးဆိုးပန်းရိုက်(မြင်းခြံ) သို့ရောက်ရှိကြည့်ရှုစစ်ဆေးပြီး အရည်အသွေးကောင်းသော ပန်းရိုက်အထည်များ ထုတ်လုပ်ရန် မှာကြားသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် မန္တလေးတိုင်း မြင်းခြံမြို့နယ် ကူရွာကျေးရွာအုပ်စု ကွမ်းစိုက်ကျေးရွာအုပ်စု ၊ခြေဆေးကျေးရွာအုပ်စု၊ ငွေးပင်ကျေးရွာအုပ်စု၊ ဆားခါးကျေးရွာအုပ်စုတို့မှ ကျေးရွာပေါင်းကိုးရွာမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ ရပ်မိ၊ ရပ်ဖများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် နိုင်ငံတော်တိုးတက်မှု အခြေအနေများ၊ တည်ငြိမ်အေးချမ်းမှု အခြေအနေများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အမျိုးသားရေး တာဝန်ထမ်းဆောင်မှုအခြေအနေများကိုအသေးစိတ်မှာကြားသည်။

ထို့နောက် ဝန်ကြီးဦးအောင်သောင်းသည် မန္တလေးတိုင်း မလှိုင်မြို့ရှိ ဝါကြိတ်စက်ရုံသို့ရောက်ရှိပြီး ဝါကြိတ်စက်ရှစ်လုံး၏ ဝါကြိတ်နေမှု၊ ကြိတ်ပြီးဝါများ ဘေထုတ်ထုပ်ပိုးမှုတို့ကိုကြည့်ရှုစစ်ဆေး၍ **(အပေါ်ဝဲပုံ)**လုပ်ငန်းလိုအပ်ချက်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၁၈ ရက်က ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် အမှတ် (၄) အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသော မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၀၅-၂၀၀၆ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား၌ စတုတ္ထတန်း (ဃ)မှ ပထမဆုရ မရွှန်းလဲ့သဉ္ဇာဝင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်လှကဆုချီးမြှင့်စဉ်။ (က-ပ)

မန္တလေး ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့်အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ အဖွဲ့ပိုင်သုံးထပ် ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် မန္တလေးမြို့နန်းရှေ့ အကွက် (၁၃) အုတ်စက်နေ ဦးခင်အောင်၊ ဒေါ်တင်အေး၊(သမီး) မခင်မာအေးမိသားစုက လှူဒါန်းငွေကျပ်တစ်သိန်းကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်း အမှတ် (၄၂) (ပ)ထပ် (အလှူငွေလက်ခံဌာန)၌ ကျောင်းအကျိုးဆောင် မဟာသိမ်တော်ကြီး စာချနာယကဆရာတော် ဦးဂန္ဓသာရ ရှေ့မှောက်တွင်လှူဒါန်းရာ ကျောင်းအမှုဆောင် ဒေါ်ကေသက်မော်က အလှူငွေလက်ခံယူစဉ်။ (က-ပ)

ရန်ကုန်တိုင်း ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တာမွေ အမက(၃)သို့ စာသင်ခုံများ လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် ၁၄၅ လမ်း အရိုးကုန်းရပ်ကွက်ရှိ အမှတ်(၃)အခြေခံပညာမူလတန်းကျောင်းသို့ စာသင်ခုံများ လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၇ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက စာသင်ခုံများ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး တာမွေမြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းသို့ စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက် စာသင်ခုံအစုံ ၅၀ ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မာအေးထံ ပေးအပ်လှူဒါန်းသည်။

အသင်းဝင်အဆိုပြုလွှာပေး

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်ထံ တာမွေမြို့နယ်ရှိ ရပ်ကွက်များနေ ပြည်သူများ၏ အသင်းဝင်အဆိုပြုလွှာ ၅၃၁စောင်ကို မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါ်လဲ့လဲ့ဝင်းဆွေက ပေးအပ်သည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မာအေးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇေယျဝတီဆရာတော် သစ္စာတရား ဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

တနင်္သာရီတိုင်း ကော့သောင်းမြို့နှစ်မိုင်ရှိ မြတ်ဗုဒ္ဓဒေသနာ ဝိမလကာရီ ဓမ္မရိပ်သာကြီး၌ ၁၀ ရက် တရားစခန်းပွဲကို မတ် ၃၀ ရက်မှ ဧပြီ ၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဟောကြားမည်

ယင်း တရားစခန်းပွဲကို ရိပ်သာ ပဓာနနာယက ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် သစ်ဆိမ့်ကုန်းရပ် အမှတ်(၅) မေခလမ်းရှိ မိုးကုတ် ဝိပဿနာနိဗ္ဗာန်ရွှေကူတောရရိပ်သာ ပဓာနနာယက ဇေယျဝတီဆရာတော် ဘဒ္ဒန္တ သောဘန (ဓမ္မာစရိယ၊ B.A)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်သည်။

လှူဒါန်းနိုင်

ဆရာတော်သည် သင်္ကြန်အထူးတရားစခန်းပွဲ ကို မိုးကုတ်ဝိပဿနာနိဗ္ဗာန် ရွှေဂူတောရရိပ်သာ၌ ကျင်းပနိုင်ရေး ဓမ္မာရုံတော်ကြီး ဆောက်လုပ်နိုင်ရန်အတွက် အလှူရှင်များ လိုအပ်လျက်ရှိရာ လှူဒါန်းလိုပါက ဖုန်း-၀၉-၅၁-၃၇၀၈၆သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ဖခင်ကြီး ဆရာဝန်ကြီးဦးမောင်နီအားရည်စူးပြီး အသက် (၉၅)နှစ်မိခင်ကြီး ဒေါ်ခင်စု အမှူးထား၍ သား ဒေါက်တာ အက်ဒဝပ်ဦးမောင်ဦး မိသားစုတို့က ရန်ကုန်မြို့ ဗဟန်း သာသနာ့ရိပ်သာလမ်း အမှတ် (၁၆) မဟာစည် ဟိတေသီအဖွဲ့သို့ ဆွမ်း၊ ဆေး ခန်းမဆောင်တို့အတွက် အလှူငွေကျပ် ၆၆၅၀၀၀ ကို လှူဒါန်းရာ အဖွဲ့အတွင်းရေးမှူး ဦးတင်ရွှေက လက်ခံပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၂-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇း၀၅ ဘဲကျောင်းသမား တရားတော် (မေတ္တာအေးဆရာတော် အရှင်သုဇာတ)
- ၈း၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၈း၃၀ ရသာထူးကဲ နို့မလိုင်ခဲ
- ၈း၄၀ တေးဂီတအစီအစဉ်
- ၈း၄၅ နိုင်ငံတကာအနုပညာရေးရာ
- ၉း၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၉း၂၅ တေးဂီတအစီအစဉ်
- ၉း၃၀ အနာကြီးရောဂါ ကင်းဝေးနေစေဖို့ ဆက်လက်ကြိုးပမ်းဆောင်ရွက်စို့
- ၁၀း၁၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၁၅ တေးဂီတအစီအစဉ်
- ၁၀း၂၀ အရက်အန္တရာယ် (သိပ္ပံမှူးတင်)
- ၁၀း၄၀ တေးဂီတအစီအစဉ်
- ၁၀း၄၅ Midweek Sports News
- ၁၁း၀၀ မိုးလေဝသခန့်မှန်းချက်
- ၁၁း၀၅ MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာ ဝေမှူးသွင်နှင့် တွေ့ဆုံခြင်း)
- ၁၁း၂၀ တေးဂီတအစီအစဉ်
- ၁၁း၂၅ မြန်မာ့အလှမြင်ကွင်းများ
- ၁၁း၅၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၂း၀၀ စီးပွားဖြစ်သစ်ခွစိုက်ကြရအောင်
- ၁၂း၂၀ တေးဂီတအစီအစဉ်
- ၁၂း၂၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂း၃၀ တေးဂီတအစီအစဉ်
- ၁၂း၃၅ ကုန်သွယ်စီးပွားနိုင်ငံ့အား (သွင်းကုန်လုပ်ငန်း လုပ်ထုံးလုပ်နည်းများ)
- ၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	Barcelona-Liverpool	5-Sports (Live)
	Porto-Chelsea	5-Series (Live)

ဥယျာဉ်ကြီးကျယ်ဝန်းခြင်းကြောင့် ရောင်းသူနှင့် ဝယ်သူတို့ အဆင်ပြေမည်

■ *ကျော်ဖုံးမှ*

အများပြည်သူ သိစေရန်

ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ် ပျော်ပွဲရွှင်ပွဲနှင့် အထူးဈေးရောင်းပွဲတော်ကြီးနှင့် ပတ်သက်၍ အများပြည်သူတို့သိရှိနိုင်စေရန် မြန်မာ့အလင်းသတင်းဖွဲ့က မင်းသုကျော်

"လူစည်ကားရာနေရာ သာယာလှပတဲ့ ပြည်သူ့ရင်ပြင်နဲ့ ပြည်သူ့ဥယျာဉ်အတွင်းမှာ ပျော်ပွဲရွှင်ပွဲနဲ့ အထူးဈေးရောင်းပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမှာ ဖြစ်ပါတယ်"

ဦးနိုင်စိုး (ဥက္ကဋ္ဌ)
မင်းသုကျော် Marketing Group
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

Marketing Group မှ တာဝန်ရှိသူများနှင့် သွားရောက်တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

ပွဲတော်ကျင်းပရတဲ့ ရည်ရွယ်ချက်ကို သိပါရစေ။

မင်းသုကျော် Marketing Group မှ Managing Directorဦးမျိုးကျော်စွာအောင်က "မင်းသုကျော် Marketing Group မှ ဦးစီး၍ ပြည်တွင်းထုတ်ကုန်ပစ္စည်းများ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေး၊ ထုတ်ကုန်စွမ်းအား ပိုမိုမြင့်မားစွာ ထုတ်လုပ်နိုင်ရေး၊ စီးပွားရေးလုပ်ငန်းရှင်များကို ဈေးကွက်ပိုမိုကျယ်ပြန့်စေရေး ဦးတည်ချက်နဲ့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်မှာ ပထမဆုံးအကြိမ်အဖြစ် ပျော်ပွဲရွှင်ပွဲနဲ့ အထူးဈေးရောင်းပွဲတော်ကြီး ကျင်းပသွားမှာ ဖြစ်ပါတယ်"။

အထူးဈေးရောင်းပွဲတော်ကြီးမှာ ဘယ်လိုကုန်ပစ္စည်းတွေ ပြသရောင်းချသွားမယ်ဆိုတာ သိပါရစေ။

"ပွဲတော်ကြီးကို အဘက်ဘက်က ပြည့်စုံအောင် စီစဉ်ထားတာကြောင့် အထူးစည်ကားမယ့်ပွဲတော်ကြီးကို ပြည်သူအများ ပါဝင်ဆင်နွှဲနိုင်ကြစေဖို့ ဖိတ်ခေါ်လိုက်ရပါတယ်"

ဒေါ်ခင်သန္တာထွန်း
Marketing Manager
မင်းသုကျော် Marketing Group
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မင်းသုကျော် Marketing Group မှ Marketing Manager ဒေါ်ခင်သန္တာထွန်းက "ဈေးရောင်းပွဲတော်ကြီးမှာ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ အလှကုန်ပစ္စည်းများ၊ Electronic ပစ္စည်းများ၊ ကလေးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ပြည်တွင်းပြည်ပ ဆေးဝါးများ၊ အိမ်အသုံးအဆောင်ပစ္စည်းများ ပြသရောင်းချသွားမှာ ဖြစ်ပါတယ်။ ပွဲတော်ကျင်းပမယ့်ကာလက ရွှေတိဂုံစေတီတော်မြတ်ကြီးရဲ့ တပေါင်းပွဲတော်ကာလဖြစ်လို့ ပွဲတော်ကြီးကိုလဲ အဘက်ဘက်က ပြည့်စုံအောင် စီစဉ်ထားတာကြောင့် အထူးစည်ကားမယ့်ပွဲတော်ကြီးကို ပြည်သူအများ ပါဝင်ဆင်နွှဲနိုင်ကြစေဖို့ ဖိတ်ခေါ်လိုက်ရပါတယ်"။

ဈေးရောင်းပွဲတော်ကျင်းပရေး အစီအစဉ်တွေကိုလဲ သိပါရစေ။

မင်းသုကျော် Marketing Groupဥက္ကဋ္ဌ ဦးနိုင်စိုးက "ဈေးရောင်းပွဲတော် ကျင်းပတဲ့နေရာဟာ ရန်ကုန်မြို့ရဲ့ စီးပွားရေးအချက်အချာကျပြီး လူနေထူထပ်တဲ့ စမ်းချောင်းမြို့နယ် မြေနီကုန်းအနီးမှာရှိပြီး ပတ်ဝန်းကျင်မှာလဲ ယုဇနစူပါမားကက်၊ ဒဂုံစင်တာ၊ ရွှေတိဂုံစေတီတော်တို့နဲ့ လူစည်ကားရာ နေရာတစ်ခုလဲ ဖြစ်ပါတယ်၊ သာယာလှပတဲ့ ပြည်သူ့ရင်ပြင်နဲ့ ပြည်သူ့ဥယျာဉ်အတွင်းမှာ ပျော်ပွဲရွှင်ပွဲနဲ့ အထူးဈေးရောင်းပွဲတော်ကြီးကို အထူးစည်ကား သိုက်မြိုက်စွာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ မိမိတို့ကုမ္ပဏီရဲ့ ထုတ်ကုန်ပစ္စည်းတွေ၊ နည်းပညာနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေကို ပါဝင်ပြသရောင်းချနိုင်မယ့် အကောင်းဆုံးဈေးရောင်းပွဲတော်ကြီးဖြစ်ပါတယ်။ ဆိုင်ခန်းဖွင့်လှစ်ရောင်းချလိုတဲ့ မိတ်ဆွေတွေအနေနဲ့ မင်းသုကျော် Marketing Group ပြည်သူ့ရင်ပြင် ဓမ္မစေတီလမ်းဘက်ဝင်ပေါက်ဖုန်း-၅၅၅၆၀၅၊ ၅၄၉၄၉၈၊ ၅၄၅၅၂၂ လိုင်းခွဲ ၂၀၂၊ ၀၉၅၁၀၃၇၇၄၊ ၀၉၅၁၁၁၈၆၀ တို့သို့ ဆက်သွယ်နိုင်ပါတယ်။

စိတ်ချမ်းမြေ့စွာဝယ်ယူနိုင်

ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ် ပျော်ပွဲရွှင်ပွဲနှင့် အထူးဈေးရောင်းပွဲတော်ကြီး ကျင်းပသည့် ဥယျာဉ်ကြီး ကျယ်ဝန်းခြင်းကြောင့် ရောင်းချသူနှင့် ဝယ်ယူသူတို့ အဆင်ပြေစေမည်။ လူကြီးများအတွက် ဈေးဝယ်ရန်၊ ဖျော်ဖြေရေးအစီအစဉ်များကြည့်ရှုနိုင်ရန်နှင့် အပန်းဖြေရန် သစ်ပင်ကြီးများဖြင့် အရိပ်အာဝါသကောင်းများရှိခြင်း၊ ကလေးငယ်များအတွက် ကလေးကစားကွင်းများ၊ ရေလွှာလျှော ကစားကွင်းများ၊ ပွဲတော်လာပြည်သူများအတွက် စားသောက်ဆိုင်များဖြင့် လာရောက်ဝယ်ယူသူနှင့် ရောင်းချသူများ ပျော်ရွှင်စိတ်ချမ်းမြေ့စွာ ရောင်းချဝယ်ယူနိုင်ကြမည်ဖြစ်သည်။

ပွဲတော်၏ ဖျော်ဖြေရေး အစီအစဉ်များကိုလည်း အကောင်းဆုံးအစီအစဉ်များဖြင့် နေ့လယ်နှင့် ညပိုင်းအချိန်များတွင် အလှည့်ကျ စီစဉ်တင်ဆက်ပေးသွားမည်ဖြစ်ရာ ပျော်ရွှင်စရာ ဈေးရောင်းပွဲတော်ကြီး ကျင်းပမည့် ငါးရက်တာကာလအတွင်း အခမဲ့ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပါကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

"ပြည်တွင်းထုတ်ကုန်ပစ္စည်းများ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေး၊ ထုတ်ကုန်စွမ်းအား ပိုမိုမြင့်မားစွာ ထုတ်လုပ်နိုင်ရေး၊ စီးပွားရေးလုပ်ငန်းရှင်များကို ဈေးကွက်ပိုမိုကျယ်ပြန့်စေရေး ဦးတည်ချက်နဲ့ ပြည်သူ့ရင်ပြင်နဲ့ ပြည်သူ့ဥယျာဉ်မှာ ပထမဆုံးအကြိမ်အဖြစ် ပျော်ပွဲရွှင်ပွဲနဲ့ အထူးဈေးရောင်းပွဲတော်ကြီး ကျင်းပသွားမှာ ဖြစ်ပါတယ်"

ဦးမျိုးကျော်စွာအောင်
မန်နေဂျင်းဒါရိုက်တာ
မင်းသုကျော် Marketing Group
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မွေးနေ့အလှူ တရားဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် သိမ်ကုန်းကျောင်းတိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမာရ (ဓမ္မာစရိယ၊ M.A ကိုလံဘို)သည် ဖေဖော်ဝါရီ၂၅ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ဗဟန်းမြို့နယ် စမ်းရေတွင်းလမ်းနေ ဦးကျော်ညွန့်-ဒေါ်သီတာသန်းမိသားစုက ဒေါ်သီတာသန်း၏ (၄၂)နှစ်မြောက် မွေးနေ့အလှူတော်မင်္ဂလာပွဲ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားတော်မူမည်ဖြစ်သည်။ နံနက်၁၁နာရီတွင် စတုဒိသာဆွမ်းများကျွေးမွေးလှူဒါန်းမည်ဖြစ်ရာ မည်သူမဆို လာရောက်နိုင်ကြောင်း ဖိတ်ကြားနိုးဆော်ထားသည်။ **(က-ပ)**

စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများ
မမှန်မကန်ဆောင်ရွက်မှုရှိပါက မည်သူမဆို တိုင်ကြားနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားကို ပြည်သူလူထုယုံကြည်အားကိုးသည့် သန့်ရှင်းသောအုပ်ချုပ်ရေး ယန္တရားတစ်ရပ်ဖြစ်ပေါ်လာစေရန် အဘက်ဘက်မှ စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်လည်း ပြည်သူလူထုအတွက် ကောင်းမွန်မှန်ကန်သော ဝန်ဆောင်မှုပေးနိုင်ရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

စွမ်းအင်ဝန်ကြီးဌာနတွင် ဝန်ကြီးရုံးအဖွဲ့၊ စွမ်းအင်စီမံရေးဦးစီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းနှင့် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းတို့ကို ဖွဲ့စည်းလျက် ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များဖြင့် ပြည်သူလူထု အကျိုးစီးပွားကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် စွမ်းအင်ဝန်ကြီးဌာနရှိ ပြည်သူ့ဝန်ထမ်းအဆင့်အတန်းအားလုံးထဲမှ တစ်ဦးဦးသည် ငွေကြေး၊ ပစ္စည်း၊ အခွင့်အရေး၊ အဂတိလိုက်စားမှု ပြုလုပ်လျှင်သော်လည်းကောင်း၊ တည်ဆဲလုပ်ထုံးလုပ်နည်းများနှင့် မကိုက်ညီသော မမှန်မကန်လုပ်ပိုင်ခွင့်ကို အသုံးပြု၍ ကိုယ်ကျိုးရှာမှု၊ အနိုင်အထက်ပြုကျင့်မှုများ ပြုလုပ်ခဲ့လျှင်သော်လည်းကောင်း နစ်နာခံစားရသူ ပြည်သူလူထုကိုယ်တိုင်က စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဖော်ပြပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်သည်။

ယင်းတို့မှာ ဝန်ကြီး ဖုန်း-၀၆၇-၄၁၁၀၄၉၊ ဒုတိယဝန်ကြီး ဖုန်း-၀၆၇- ၄၁၁၀၅၄၊ ရုံးအဖွဲ့မှူး ဖုန်း ၀၆၇-၄၁၁၀၆၀၊ ဖက်(စ်) ၀၆၇-၄၁၁၀၁၂၊ စွမ်းအင်ဝန်ကြီးဌာနရုံး အမှတ်(၆) နေပြည်တော်၊ e.mail; myanenergy@mptmail.net. mm တို့ ဖြစ်သည်။

ဝန်ကြီးရုံးက ဥပဒေနှင့်အညီ မြန်ဆန်ထိရောက်စွာ စုံစမ်းစစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူလူထုကလည်း နည်းလမ်းတကျ ပူးပေါင်းပါဝင်ကြရန် စွမ်းအင်ဝန်ကြီးဌာနက တိုက်တွန်းထားသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းအတွင်း ဆောင်ရွက်နေသော ခရိုင်ချင်းဆက်လမ်းအမှတ်(၂) လုပ်ငန်းအရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ချိန်ပြီးရေးဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ၁၉ ရက် နံနက်ပိုင်းက ပဲခူးတိုင်း တောင်ငူမြို့နယ် ထုံးဘိုကြီးရွာမှတစ်ဆင့် ကရင်ချောင်းကျေးရွာသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်တွင် ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက လမ်းနှင့်တံတား တည်ဆောက်ပြီးစီးမှု၊ လုပ်ငန်းခွင်တွင် စက်ယန္တရားများဖြင့် ဆောင်ရွက်မှုအခြေအနေများအား မြေပုံ၊ ဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ်ကလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလေးထား

ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်သည် တောင်ငူမြို့နယ်အပိုင်း မိုင်တိုင်(၇/၃)နှင့် မိုင်တိုင်(၉/၀)အနီး လုပ်ငန်းခွင်တွင် အဖွဲ့ပိုင်စက်ယန္တရားကြီးများဖြင့် ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်နေမှု၊ ရေတာရှည် မြို့နယ်အပိုင်းတွင် ကျောက်ချောလမ်းခင်းခြင်း၊ သစ်သားတံတားများတည်ဆောက်နေမှု၊ ကိုးကွေ့-ဂမုန်း တောင်လမ်းအပိုင်းတွင် ပါဝင်သော ဂမုန်းတောင်မှ ပေါင်းလောင်းချောင်းအထိ အရှည်ကိုးမိုင် အကျယ်ပေ၂၀ ရှိ မြေသားလမ်းအား အဖွဲ့ပိုင် စက်ယန္တရားများဖြင့် အကျယ်ပေ၃၀ ချဲ့ထွင်နေမှုများအား ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** လုပ်ငန်း အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ချိန်အမီပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ဆောင်ရွက်

ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့၏ ခရိုင်ချင်းဆက်လမ်းအမှတ်(၂)သည် တောင်ငူမြို့နယ် ထုံးဘိုကြီးကျေးရွာမှ ရေတာရှည်မြို့နယ် သစ်ကြိမ်းကျေးရွာအထိ အရှည်၃၃မိုင် ခြောက်ဖာလုံနှင့် ဂမုန်းတောင်-ပေါင်းလောင်းချောင်းလမ်းအပိုင်း အရှည်ကိုးမိုင် စုစုပေါင်းလမ်းအရှည်၄၂မိုင်ခြောက်ဖာလုံရှိပြီး ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အထိ ပေ၃၀ အကျယ်မြေသားလမ်း ၃၃မိုင်ခြောက်ဖာလုံ၊ ပေ၂၀အကျယ်မြေသားလမ်းကိုးမိုင်နှင့် ကျောက်ချောလမ်း ၁၂ မိုင် ဖောက်လုပ်ပြီးစီးခဲ့ပြီး ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်တွင် ပေ၃၀အကျယ်မြေသားလမ်းတိုးချဲ့ခြင်း၊ အရှည်ကိုးမိုင်နှင့် ကျောက်ချောလမ်းခင်းခြင်း အရှည်ကိုးမိုင်ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ပင်ရင်းမြန်မာစာဘာသာရပ်မှ ပြင်ဆင်ချက်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ဖေဖော်ဝါရီ ၁၇ ရက်နေ့ထုတ် သတင်းစာများပါ ပင်ရင်းမြန်မာစာဘာသာ သိမှတ်ဖွယ်ရာလာ ပိုဒ်ရေ (၂၄) မှ-

"ဝိဓုရသိပ္ပလင်္ကာ" ကဗျာကိုရေးသူမှာ ရှင်မဟာရဋ္ဌသာရဖြစ်ကြောင်း၊ "နွေဦးကာလ မြူထသောအခါ" ကို ညောင်ရမ်းခေတ်တွင် ရေးခဲ့ကြောင်း၊ "ဘုန်းနှင့်ကံနှင့်ရွှေသဇင်" သည် ရကန်ကဗျာ အမျိုးအစား ဖြစ်ကြောင်း၊ "သင်ဖွားသောမြေ သင်တို့မြေ"ဆိုသည်မှာ မြန်မာနိုင်ငံကို ဆိုလိုကြောင်း စသဖြင့် ဖြေဆိုရပုံမျိုးဖြစ်တယ်။ - ကို ပိုဒ်ရေ(၂၁)သို့ ပြောင်းရွှေ့ဖတ်ရှုပါရန်။

ဝန်ကြီးဗိုလ်ချုပ်စောလွင် စက်နှင့်စက်ကိရိယာထုတ်လုပ်မှုစက်ရုံ(စီမံကိန်း)စစ်ဆေး စီမံကိန်းလုပ်ငန်းများသတ်မှတ်ကာလအတွင်းပြီးစီးရန် ကြိုးပမ်းဆောင်ရွက်ရေးမှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၀

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ၁၇ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန ပခုက္ကူစက်မှုနယ်မြေတွင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စက်နှင့်စက်ကိရိယာထုတ်လုပ်မှု စက်ရုံ(စီမံကိန်း)သို့ရောက်ရှိရာ ရှေးဦးစွာ စက်ရုံရှင်းလင်းဆောင်၌ မြန်မာ့စက်ရုံနှင့်အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးသန်းအေးက စက်ရုံစီမံကိန်းအဆောက်အအုံများဆောက်လုပ်ရန်အတွက် ပြင်ဆင်ထားရှိမှု၊ ဆောက်လုပ်ရေးသုံးပစ္စည်းများစုဆောင်းထားရှိမှု၊ လျှပ်စစ်မီးနှင့်ရေရရှိရေး ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းမှ လက်ထောက် အထွေထွေမန်နေဂျာ ဦးကံချွန်က စက်ကိရိယာများအတွက် သွန်းလောင်းသံထည်ပစ္စည်းများ ကြိုတင်စီစဉ် ထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ဝန်ကြီးက စက်ရုံစီမံကိန်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်းပြီးစီးစေရန် ကြိုးပမ်းဆောင်ရွက်ရေး၊ တည်ဆောက်မှုလုပ်ငန်းများကို စနစ်တကျ မှတ်တမ်းတင်ထားရှိရေး၊ အလေအလွင့်နည်းပါးစေရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် စက်သုံးဆီချွေတာရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စီမံကိန်းအလုပ်ရုံများဆောက်လုပ်နေမှု၊ မြေပြုပြင်ခြင်းလုပ်ငန်းများနှင့် စက်ရုံအဝင်လမ်းများ ဖောက်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြ ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဖြည့်ဆည်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့်ဇနီး ဒေါ်မြင့်မြင့်အေးမိသားစုတို့၏ ကုသိုလ်ကောင်းမှုဖြင့် စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ၁၈ရက် နံနက်တွင် ဧရာဝတီတိုင်းမအူပင်မြို့နယ် လယ်ကိုင်းကျေးရွာ၌ ကျင်းပသည်။

အလှူတော်မင်္ဂလာအစီအစဉ်အရ ဖေဖော်ဝါရီ၁၇ရက်တွင် လယ်ကိုင်း၊အလန်း၊မီးသွေးချောင်းနှင့်ဝါးတော ကျေးရွာတို့မှ ရဟန်းလောင်းနှင့် ရှင်သာမဏေစုစုပေါင်း ၁၀၈ပါးတို့အား သင်္ကန်းစီးခြင်းကို လယ်ကိုင်းကျေးရွာ အလှူတော်မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ညနေပိုင်းတွင် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် မိသားစုတို့က ဦးဆောင်၍ ပင့်သံဃာတော်များနှင့် ဒုလ္လဘရဟန်းများကို သိမ်ဆင်းလှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

ညပိုင်းတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် ရွှေမြင့်မိုရ်အငြိမ့်ဖြင့်လည်းကောင်း၊ ဖေဖော်ဝါရီ၁၈ရက် နံနက်ပိုင်းတွင် ရွှေတံဆိပ်ခြောက်ဆုရှင် မြန်မာပြည် ကျော်ကစ်မ်းမင်္ဂလာဆိုင်းအဖွဲ့ဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေပြီး လယ်ကိုင်းဆရာတော်ထံမှ ကိုးပါးသီလခံယူ ဆောက်တည်၍ အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကာ သံဃာတော် အရှင်သူမြတ်များနှင့် ဒုလ္လဘရှင်သာမဏေ၁၀၈ပါးတို့အား နေ့ဆွမ်းဆက်ကပ်ပြီး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ဖေဖော်ဝါရီ၁၇ရက် နေ့လယ်ပိုင်းတွင် မအူပင်မြို့နယ် လယ်ကိုင်း၊ အလန်း၊ မီးသွေးချောင်းနှင့်ဝါးတောကျေးရွာတို့မှ ရပ်မိ၊ ရပ်ဖများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်(၅)ရပ်နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာသင်ခုံလှူဒါန်းပွဲနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဦးခင်မောင်မြင့်တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၁၉ရက် နံနက်ပိုင်းတွင် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် အောက်မင်္ဂလာဒုံလမ်းရှိ အမှတ်(၂၆) အခြေခံပညာမူလတန်းကျောင်း၌ကျင်းပသော ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းက အင်းစိန်မြို့နယ် အခြေခံပညာမူလတန်းကျောင်းများသို့ စာသင်ခုံလှူဒါန်းပွဲနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟို အလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ ဦးမောင်ပါက စာသင်ခုံများလှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ယင်းနောက် မြို့နယ်ပညာရေးမှူး ဦးမျိုးဆွေက အသင်းဝင်အဆိုပြုလွှာ ၃၅၀ ကိုပေးအပ်ရာ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကြီးမောင်ကလက်ခံသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူငွေများ ပေးအပ်ပွဲကျင်းပရာတွင် ဗဟိုအလုပ်အမှုဆောင် အင်းစိန်မြို့နယ်တာဝန်ခံ ဦးခင်မောင်မြင့်က အင်းစိန်မြို့နယ် အခြေခံပညာမူလတန်းကျောင်းများအတွက်ပညာရေး ရန်ပုံငွေ ကျပ်၁၀သိန်း၊ စိုးလျှပ်စစ်က ငွေကျပ်၁၀သိန်း၊ ရန်ကုန်ထရန်စဖော်မာက ငွေကျပ်၁၀သိန်း၊ ရန်ကုန် Crown ကုမ္ပဏီက ငွေကျပ်၁၀သိန်းနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးက ငွေကျပ်၄၀သိန်းတို့ကို ပေးအပ်လှူဒါန်းရာ အင်းစိန်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင့်လွင်ကလက်ခံသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံ ဦးမောင်ပါက စာရေးခုံများကို လှူဒါန်းရာ အမက(၂၆)မှ ကျောင်းအုပ်ဆရာကြီး ဦးကျော်ဆွေ၊ အမက(၃၆)မှ ဆရာမကြီး ဒေါ်စန်းစန်းရင်နှင့် အမက(၄)မှ ဆရာမကြီး ဒေါ်ယဉ်ယဉ်လှတို့က လက်ခံကြသည်။

ကျေးဇူးတင်

ယင်းနောက် မြို့နယ်ပညာရေးမှူး ဦးမျိုးဆွေက အခြေခံပညာကျောင်းများသို့ စာသင်ခုံ ၇၀ ပေးအပ် လှူဒါန်းသည့်အတွက် ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● ရှေ့ဖုံးမှ

ကင်းရှင်းရေးနှင့် တံတားပေါင်းကိုလည်း ကြံ့ခိုင်မှုရှိရန် ပြုပြင်ဆောင်ရွက်ရေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် စီမံကိန်းလုပ်ငန်းခွင်အတွင်း စက်ယန္တရားများဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အဆိုပါ တံတားသည် မိတ္ထီလာ-တောင်ကြီး-လွိုင်လင်-ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိပြီး အရှည်၂၀၈ ပေရှိ၍ ယာဉ်သွားလမ်းအကျယ် ၂၄ပေ ဖြစ်သည်။ တံတားအမျိုးအစားမှာ ကမ်းကပ်ခုံအုတ်မြစ်၊ ရေလယ်တိုင်သံကူကွန်ကရစ်ဖြစ်၍ တံတားအပေါ်ထည်မှာ သံကူ ကွန်ကရစ်တိုင်၊ သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းဖြစ်သည်။ ရေလမ်းကင်းလွတ်နယ်မှာ အကျယ်၄၈ပေ၊ အမြင့်ခြောက်ပေဖြစ်ပြီး တံတားခံနိုင်ဝန်မှာ တန်၆၀ဖြစ်သည်။

ဒေသဖွံ့ဖြိုးမှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် တောင်ကြီး-လဲချားကားလမ်းတစ်လျှောက်ရှိ ဟိုပုန်း၊ မိုင်းပွန်၊ လွိုင်လင်၊ ပင်လုံနှင့် လဲချားမြို့များ၏ ဒေသဖွံ့ဖြိုး တိုးတက်မှု၊ ခံစည်းရိုးကြက်ဆူပင်နှင့်အခြားသီးနှံများစိုက်ပျိုးထားမှုနှင့် လမ်း၊ တံတားအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆွေးနွေးမှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)သို့ရောက်ရှိ ကြည့်ရှုစစ်ဆေးကာ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)တာဝန်ခံ ဒေါက်တာဉမ္မာမြိုင်နှင့်တာဝန်ရှိသူများအား ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)၏ လိုအပ်ချက်များကို မေးမြန်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊တိုင်းမှူးဗိုလ်မှူးချုပ်သောင်းအေးနှင့်အဖွဲ့သည် လဲချားမြို့မှ တစ်ဆင့် မိုင်းနောင်မြို့သို့ထွက်ခွာ၍ လဲချား-မိုင်းနောင်ကြား မြေလွတ်မြေရိုင်းများတွင် ဒေသနှင့်ကိုက်ညီသော သီးနှံများ တိုးချဲ့ဖော်ထုတ် စိုက်ပျိုးရေး တာဝန်ရှိသူများအား မှာကြားပြီး ဆက်လက်ထွက်ခွာလာရာ ညပိုင်းတွင် မိုင်းရှူးမြို့သို့ရောက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဆီယံ နှစ်(၄၀)ပြည့် အထိမ်းအမှတ်တံဆိပ်ရွေးချယ်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

အာဆီယံ အဖွဲ့အစည်းအနေဖြင့် ၂၀၀၇ ခုနှစ် ဩဂုတ် ၈ရက်တွင် အာဆီယံတည်ထောင်ခြင်း အနှစ်(၄၀)ပြည့်အထိမ်းအမှတ် အခမ်းအနားများတွင်အသုံးပြုရန် အထိမ်းအမှတ်တံဆိပ် (Logo) ပြိုင်ပွဲကို မြန်မာနိုင်ငံ၌ အမျိုးသားအဆင့်ပြိုင်ပွဲ (National level contest)ကျင်းပခဲ့ရာ ဝင်ရောက်ယှဉ်ပြိုင်သူ ၁၅၀က ဒီဇိုင်း၂၆၈ခု ပါဝင်ပေးပို့ခဲ့သည်။

အကဲဖြတ်

Logoဒီဇိုင်းကို ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့က ဖွဲ့စည်းထားသော အကဲဖြတ်အဖွဲ့က အဆင့်ဆင့် ရွေးချယ်ခဲ့ရာ မောင်သုတဝင်း(ရန်ကုန်)က ပထမ၊ မဇာဖြူပွင့်(ရန်ကုန်)က နှစ်သိမ့်ဆု(၁)၊ မောင်ကျော်ခိုင်(ရန်ကုန်)က နှစ်သိမ့်ဆု(၂)၊ မောင်ရာဇာထွဏ်း(ရန်ကုန်)က နှစ်သိမ့်ဆု(၃)၊ မောင်ထွန်းနိုင်ဦး-မဇင်မာကျော်တို့က နှစ်သိမ့်ဆု(၄)၊ မောင်ဝင်းအောင်(ရန်ကုန်)က နှစ်သိမ့်ဆု(၅) အသီးသီး ရရှိကြသည်။

ဆုရရှိသူများအား ဆုချီးမြှင့်ရန်အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးက အမေရိကန်ဒေါ်လာ တစ်ထောင် သတ်မှတ်ပေးထားရာ ပထမဆုအတွက် FEC ၅၀၀ နှင့် နှစ်သိမ့်ဆုရရှိသူများအား FEC ၁၀၀စီ အသီးသီးချီးမြှင့်သွားမည်ဖြစ်သည်။

ချီးမြှင့်မည်

မြန်မာနိုင်ငံအပါအဝင် ကျန် အာဆီယံနိုင်ငံများမှ ဝင်ရောက်ယှဉ်ပြိုင်သော Logoများ ထပ်မံရွေးချယ်ခံရပါက Logoဒီဇိုင်းရေးဆွဲသူအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးက အမေရိကန်ဒေါ်လာ၅၀၀၀ကိုချီးမြှင့်မည်ဖြစ်သည်။

သတင်းပို့

ဆုချီးမြှင့်မည့် အစီအစဉ်နှင့်ပတ်သက်ပြီး သက်ဆိုင်ရာ ဆုရရှိသူများထံ ဆက်လက်၍ သတင်းပို့ ဆောင်ရွက်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

မလေးရှားနှစ်သစ်ကူးပွဲတော် ကာလအတွင်း ယာဉ်မတော်တဆမှုများကြောင့် လူ၁၀၀ကျော်သေဆုံး

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၀

မလေးရှားနိုင်ငံ၌ တရုတ်နှစ်သစ်ကူးပွဲတော် ကာလအတွင်း ယာဉ်မတော်တဆမှုများကြောင့် သေဆုံးသူ၁၀၁ဦးရှိခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာက ဖေဖော်ဝါရီ၁၉ရက်၌ သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါတရုတ်နှစ်သစ်ကူးပွဲတော်သည် မတ်လ ၁ ရက်အထိဖြစ်ကြောင်း သိရသည်။ ယင်းသေဆုံးမှုမှာ ဖေဖော်ဝါရီ ၁၁ရက်မှ ၁၇ရက်အထိ ဖြစ်ရာ လူပေါင်း၁၀၁ဦးသေဆုံးခဲ့ကြောင်း၊ သို့ရာတွင်ယမန်နှစ်က ယင်းကာလအတွင်း လူပေါင်း၁၁၁ဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ ရဲအဖွဲ့က ပြော ကြားသည်။ မလေးရှားနိုင်ငံတစ်ဝန်း ယခုနှစ် တရုတ်နှစ်သစ်ကူးကာလတွင် ယာဉ်မတော်တဆမှုပေါင်း ၁၂၆၂မှု ဖြစ်ပွားခဲ့ကြောင်း ရဲအဖွဲ့၏ မှတ်တမ်းများက ဖော်ပြသည်။

(အင်တာနက်)

မြန်မာ့လက်ရွေးစင် ဘိလိယက် အားကစားသမားရွေးချယ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

အားကစားဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဘိလိယက်ပြိုင်ပွဲကို မတ်၆ရက်တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်းရှိ ဘိလိယက်လေ့ကျင့်ရေးခန်းမ၌ကျင်းပမည်ဖြစ်သည်။

စခန်းဝင်လေ့ကျင့်

ထိုပြိုင်ပွဲတွင်ရွေးချယ်ခံရသော အားကစားသမားလေးဦးအား မြန်မာ့လက်ရွေးစင် ဘိလိယက်အားကစားသမားများအဖြစ် ရွေးချယ်၍ စခန်းသွင်းမည်ဖြစ်သဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများသည် မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်တွင် စခန်းဝင်လေ့ကျင့်နိုင်သောသူဖြစ် ရမည့်အပြင် အဖွဲ့ချုပ်မှ သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာနိုင်သောသူဖြစ်ရမည်။

နောက်ဆုံးထားစာရင်းပေးသွင်း

ဝင်ရောက်ယှဉ်ပြိုင်လိုသော အားကစားသမားများသည် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်(အောင်ဆန်းကွင်း) ဖုန်း-၃၈၇၂၇၆သို့ မတ်၃ရက် နောက်ဆုံးထား၍ လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ဖေဖော်ဝါရီ ၂၀ ရက်က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ခဝဲခြံ ဒေါ်လှပန်းလမ်း အမှတ် ၂၁နေခင်ပွန်း ဦးကျော်သန့်နှင့် သားသမီးများက ကွယ်လွန်သူ မိခင်ကြီး ဒေါ်ခင်အေးကြူ တစ်နှစ်ပြည့်အတွက် ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း၊ အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်သုံးသိန်းကို ဖောင်ဒေးရှင်း အုပ်ချုပ်ရေးမှူးချုပ် ဦးပြုံးထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မြန်မာပြည်တံခွန်စိုက်တင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် မြန်မာပြည်တံခွန်စိုက်တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ၂၈ရက်မှ မတ်၄ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ကျင်းပမည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား အလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား(၃၅)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား(၄၅)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား(၅၅)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား(၆၀)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲဝင် အားကစားသမားများသည် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀သို့ ဖေဖော်ဝါရီ ၂၇ရက် မွန်းတည့်၁၂နာရီ နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်အသင်း(ဗဟို) ဆေးနှင့် ဆေးပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၀

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)က အမှတ် (၂) တပ်မတော်ဆေးရုံကြီးခုတင် (၁၀၀၀)နှင့် အမှတ်(၂)တပ်မတော် သားဖွားမီးယပ်နှင့်ကလေး ဆေးရုံခုတင်(၃၀၀) နေပြည်တော်တို့အတွက် ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀) ဧည့်ခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် ဗဟိုအလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဆေးနှင့်ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀) ခေတ္တတပ်မှူး ဒုတိယဗိုလ်မှူးကြီးစိုးထက်က လက်ခံသည်။ **(အပေါ်ပုံ)** ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီးကျော်စိုးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ ခေတ္တတပ်မှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) မှ လှူဒါန်းသော ဆေးနှင့်ဆေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ကျပ် ၄၃သိန်း ကျော်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

သိမ်ကြီးဈေး မဟာသိမ်တော်ကြီးဓမ္မာရုံတွင် ဖေဖော်ဝါရီ ၁၈ ရက်က ကျင်းပသော ဒိုက်ဦးမြို့နယ်အသင်း (ရန်ကုန်)၏ (၂၆)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးတွင် သက်ကြီး ၅၅ ဦးတို့အား ငွေကြေး၊ ဆေးဝါးများဖြင့် ပူဇော်ကန်တော့ကြသည်။ ယင်းနောက် ဇန်နဝါရီ ၄ ရက်က နိုင်ငံတော်မှ ပေးအပ်သည့် ဘွဲ့ထူး ဂုဏ်ထူးရ ပုဂ္ဂိုလ်လေးဦး၊ တစ်ဘာသာမှ ခြောက်ဘာသာဂုဏ်ထူးရရှိကြသည့် ရန်ကုန်မြို့မှ အသင်းသားများ၏ သားသမီး ၇၂ဦး၊ ဒိုက်ဦးမြို့မှ ထူးချွန်ကျောင်းသားသုံးဦး၊ အထက်တန်းပညာကို ဆက်လက်ဆည်းပူးရာတွင် ငွေကြေးထောက်ပံ့မှုလိုအပ်၍ ရွေးချယ်ရေးအဖွဲ့မှ ရွေးချယ်ထားသော ကျောင်းသားကျောင်းသူတို့အား သက်ဆိုင်ရာအလှူရှင်များက ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

ယင်းနောက် ၂၀၀၇ခုနှစ် အမှုဆောင်သစ်ကိုရွေးချယ်၍ ဥက္ကဋ္ဌသစ် ဗိုလ်မှူးဘဝင်း(ငြိမ်း)က အမှာစကားပြောကြား၍ ကြွရောက်လာသည့် သက်ကြီးကန်တော့ခံပုဂ္ဂိုလ်များ၊ နာယက အမှုဆောင်များ၊ အသင်းသူ အသင်းသားများအား နံနက်စာထမင်း ကြက်သားဟင်း၊ ဒိုက်ဦးမြို့မှယူဆောင်လာသည့် ဖရဲသီးများဖြင့် ဧည့်ခံကျွေးမွေးကြောင်း သတင်းရရှိသည်။ **(က-ပ)**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းမောင်အား ရည်စူး၍ သီရိသုဓမ္မသီဂီ ဒေါ်ရွှေသက် မိသားစုက သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဒေါက်တာ ဒေါ်မဝင်းအောင်ခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း တာမွေ၏ ၁၉၄၅-၁၉၆၅ခုနှစ် ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက်ဆရာပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၈ ရက်က အဆိုပါ ကျောင်းခန်းမ၌ကျင်းပရာ ကန်တော့ခံဆရာကြီးဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြစဉ်။ (က-ပ)

ကျေးလက်သန့်ရှင်းသော သောက်သုံးရေရရှိရေး စက်ရေတွင်းများ လှူဒါန်းနိုင်ကြ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန အောက်ရှိ စည်ပင်သာယာရေး အဖွဲ့များသည် ပြည်နယ်နှင့်တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများ၌ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

စက်ရေတွင်း လှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက် ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။

ဆက်သွယ်လှူဒါန်းနိုင်

စက်ရေတွင်း လှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၀၂၆၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၃၆၂၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဖုန်း-၀၁- ၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး (ဘဏ္ဍာ) ဖုန်း-၀၆၇-၄၀၉၄၀၇၊ ညွှန်ကြားရေးမှူး(စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၂၇၆၀၊ ညွှန်ကြားရေးမှူး (မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး(မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အမှတ်(၁၃၅၆) ကံဘဲ့ဘူတာရုံလမ်း ၁၁ရပ်ကွက် ရန်ကင်း မြို့နယ်နေ ဦးဝေလွင်-ဒေါ်ကြည်ကြည် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။ (က-ပ)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်အခြေခံစက်မှုလုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၀

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် သစ်အခြေခံစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် လှိုင်သာယာမြို့နယ် စက်မှုဇုန် အမှတ်(၂)ရှိ ခိုင်စုသူ ထုတ်လုပ်မှုကုမ္ပဏီလီမိတက်၊ သစ်အချောထည်စက်ရုံသို့ ရောက်ရှိရာ စက်ရုံမန်နေဂျင်းဒါရိုက်တာ ဦးမျိုးခင်က စက်ရုံ၏လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးစိန်လွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးက စက်ရုံများကြုံတွေ့ရသည့် အခက်အခဲများကို ကူညီရန် လာရောက်ခြင်း ဖြစ်ကြောင်း ပြောကြားပြီးလိုအပ်သည်များကိုမှာကြားပြီး စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံ အဆင့်ဆင့်၊ လွှသွေးစက်ခန်းနှင့် သစ်ခွဲသားများ ပြည်ပတင်ပို့ရန် ထုပ်ပိုးထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါစက်ရုံမှ တန်ဖိုးမြင့်ကျွန်းခွဲသားများကို စင်ကာပူ၊ ဟောင်ကောင်၊ ပြင်သစ်၊ အီတလီ၊ ဘယ်ဂျီယမ်နိုင်ငံများသို့ တင်ပို့လျက်ရှိသည်။

ရှင်းလင်းတင်ပြ

ဆက်လက်ပြီး ဝန်ကြီးသည် လှိုင်သာယာမြို့နယ် စက်မှုဇုန်(၃)ရှိ ခိုင်သစ်အချောထည်စက်ရုံသို့ ရောက်ရှိလာရာ စက်ရုံမန်နေဂျင်းဒါရိုက်တာ ဦးစိုးခွန်ကျော်က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပေး

ထို့နောက် ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်ရုံအတွင်း သစ်ခွဲစိတ် လည်ပတ်ပုံအဆင့်ဆင့်၊ ပရိဘောဂပစ္စည်းများ ထုတ်လုပ်နေမှု၊ ပြည်ပတင်ပို့ရန် ထုပ်ပိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

တင်ပို့ရောင်းချ

အဆိုပါစက်ရုံမှ ကျွန်းသစ်ခွဲသားများနှင့် ဥယျာဉ်သုံးပရိဘောဂများကို ပြင်သစ်၊ အင်္ဂလန်၊ဂျာမနီ၊ဟော်လန်၊ တူရကီ၊ အီတလီ၊ နယူးဇီလန်၊ ဩစတေးလျ၊ မလေးရှား၊ အစ္စရေး၊ ဂရိနှင့် ဖိလစ်ပိုင်နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၂၁၈)ကြိမ်မြောက် ငွေကျပ် ၁၀၀ တန် ထီဖွင့်ပွဲ မတ် ၁ ရက်၌ ဆုပေါင်း ၁၈၃၃၃ ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

မတ် ၁ ရက် (ကြာသပတေးနေ့)တွင် (၂၁၈)ကြိမ်မြောက် ငွေကျပ် ၁၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်-၃၈၄ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၈ နာရီမှစတင်၍ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

စုစုပေါင်းဆု

ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၂၀၀လေးဆု၊ ငွေကျပ်သိန်း ၁၀၀၊ ၃၂ ဆု၊ ငွေကျပ် ၁၀ သိန်း ၅၂၇ ဆု၊ ငွေကျပ်ငါးသိန်း ၁၇ ဆု၊ ငွေကျပ်လေးသိန်း ၂၀ ဆု၊ ငွေကျပ် နှစ်သိန်း ၁၉၂ ဆု၊ ငွေကျပ်တစ်သိန်း ၁၅၃၀ ဆု၊ ငွေကျပ်ရှစ်သောင်း ၆၀ ဆု၊ ငွေကျပ်လေးသောင်း ၉၃ ဆုနှင့် ငွေကျပ်နှစ်သောင်း ၁၅၀၅၄ ဆု စုစုပေါင်း ၁၈၃၃၃ ဆုဖြစ်သည်။

ကြေညာထား

(၂၁၈)ကြိမ်မြောက် ငွေကျပ် ၁၀၀ တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို မတ် ၇ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေကျပ်ငါးသိန်းနှင့်အောက်ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများတွင် လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်ကြောင်း သက်ဆိုင်ရာမှ အသိပေးကြေညာထားကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်ကင်းစင် အလှဆင်

ဖျာပုံတံတားနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း တိုင်းမှူးဗိုလ်ချုပ်သူရ မြင့်အောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရ မြင့်အောင်သည် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၉ရက် နံနက် ၈နာရီက ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးမြင့်ဇော်က မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ခရိုင်ဥက္ကဋ္ဌဦးမျိုးချစ်က ခရိုင်အတွင်း လုပ်ငန်းဆောင်ရွက်မှုများကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ဖျာပုံတံတားစစ်ဆေး

ထို့နောက် တိုင်းမှူးသည် ဖျာပုံတံတား တည်ဆောက်ပြီးစီးမှု အခြေအနေကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ဒေးဒရဲမြို့ အုန်းပင်ဘက်ကမ်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆယ်က ဖျာပုံဘက်ကမ်း ချဉ်းကပ်လမ်းဆောင်ရွက်မှုနှင့် တံတားတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကအရှည်ပေ ၃၉၃၀အကျယ် ၁၈ပေရှိချောင်းကွင်းလမ်း မူလလမ်းဟောင်းပေါ်တွင်ထုခုနစ်လက်မ၊ ကျောက်ခင်းကတ္တရာလောင်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မအူပင်မြို့နယ် ကျုံစုတ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၊ မအူပင်–ကျိုက်လတ်ကားလမ်းဖြတ် ရေထုတ်ပြွန်တည်ဆောက်ရေး လုပ်ငန်းခွင်သို့လည်းကောင်း၊ မအူပင်မြို့နယ် ပန်တပွတ်ကျေးရွာရှိ မြန်မာ့ဂုန်လျှော်လုပ်ငန်း မအူပင်စက်ရုံသို့ လည်းကောင်း **(အပေါ်ပုံ)** မအူပင်မြို့ နယ်မြေခံတပ်ရင်း၏ ခြံစည်းရိုးကြက်ဆူပင်များ ရှင်သန်ဖြစ်ထွန်းမှု အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းမှူးသည် မအူပင်မြို့နယ် အနိတ်ကျေးရွာ၌ ဒေသခံတောင်သူများအားတွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌ ဦးဘိုထွန်းက မြို့နယ်၏ မိုးစပါး၊ နွေစပါးနှင့် ဆောင်းသီးနှံစိုက်ပျိုးထုတ်လုပ်နိုင်မှု အခြေအနေများကိုရှင်းလင်းတင်ပြပြီး တိုင်းမှူးက စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး၍ နွေစပါးစိုက်ခင်းအတွင်း မြေဩဇာပက်ဖျန်းနေမှုကို ကြည့်ရှုအားပေးသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် တိုင်းမှူးသည် ညောင်တုန်းမြို့နယ် ညောင်တုန်းကျွန်း ဒေသ၌ ရွှေနဂါးမင်း ကုမ္ပဏီလီမိတက်၏ နွေစပါး၊ မတ်ပဲစိုက်ပျိုးမှုနှင့် ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး မြန်မာဘီလီယံဂရု ကုမ္ပဏီ၏ ရှင်းလင်းဆောင်၌ ရေကြီးကွင်း ရေနက်ကွင်းများမှ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းရှင်များနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများ၏ တင်ပြချက်များ အပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် အာရှသားအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်သို့ ရောက်ရှိရာ မွေးမြူရေးတာဝန်ခံ ဦးထွန်းမြင့်ဦးက ငါး၊ ပုစွန်မွေးမြူထုတ်လုပ်မှုနှင့် သားပေါက်ထုတ်လုပ်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားကာ မွေးမြူထားသော ပုစွန်နမူနာများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

စင်ထရယ် အထက(၁)လသာ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

အထက(၁) လသာကျောင်းတွင် ၁၉၆၅ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ပညာသင်ကြားခဲ့ကြသည့် ကျောင်းသားဟောင်းကြီးများ ပြန်လည်ဆုံတွေ့၍ ၁၉၅၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အတွင်း ပညာသင်ကြားပို့ချခဲ့ကြသည့် ကျေးဇူးရှင် သက်ပြည့်အငြိမ်းစားယူ ဆရာ၊ ဆရာမ ၁၀၀နီးပါးတို့ကို (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲအဖြစ် မတ် ၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(၁)လသာ ဗဟိုစံပြခန်းမ၌ ဂါရဝပြုကန်တော့ကြမည် ဖြစ်ပါသည်။ ရပ်ဝေးရပ်နီးမှ ကျောင်းသားဟောင်းကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မြတ်ဆရာပူဇော်ကန်တော့ပွဲသို့ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများလှူဒါန်းလိုပါက ကိုစိန်ထွန်းလင်း၊ (ဦးရွှေလင်း–ဒေါ်ကြင်ကြင် အီလက်ထရွန်နစ်) ဖုန်း–၂၅၀၈၀၄၊ ဒေါက်တာမြင့်ဦးသွယ်၊ ကိုအောင်ကြည် ဖုန်း–၂၄၅၃၀၈နှင့် ကိုအောင်ခိုင်(စိုးမိုးကျော်) ဖုန်း–၀၉–၉၉–၂၆၁၈၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

သမိုင်းဝင် ယက္ကန်းစင်တောင် ရန်အောင်စေတီတော် ရွှေလရောင်စေတီ ထုံးသင်္ကန်းကပ်လှူပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

၁၃၃၃ ခုနှစ်မှ စတင်၍ နှစ်စဉ်မပြတ် တောင်သုံးလုံး ဇေတဝန် ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လ မဟာထေရ် ဦးစီး၍ ကပ်လှူခဲ့သော သမိုင်းဝင် ယက္ကန်းစင်တောင် ရန်အောင်စေတီတော် ရွှေလရောင်စေတီတော်နှင့် အားလုံးသော ဘုရားစေတီတော်တို့အား ထုံးသင်္ကန်းကပ်လှူပူဇော်ပွဲကို လာရောက် လိုက်ပါလိုသော ပါရမီရှင်များသည် (၁၃၆၈ ခုနှစ် တပေါင်းလဆန်း ၉ရက်)ဖေဖော်ဝါရီ၂၄ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် တောင်သုံးလုံးကျောင်းမှ ထွက်ခွာမည်ဖြစ်ပါ၍ တောင်သုံးလုံး ဇေတဝန်ပရိယတ္တိ စာသင်တိုက် ရသေ့တောင်ရပ် သာဝတ္ထိမြို့သို့ လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းတွင် ဖေဖော်ဝါရီ ၉ရက်က နယ်လှည့် စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ မြို့နယ်ဦးစီးမှူးဒေါ်ရီရီရှိန်နှင့်ကျောင်းအုပ်ဆရာကြီးဦးလှမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ခုနစ်ရက် တရားစခန်း

ပဲခူးတိုင်းပဲခူးမြို့ဆယ်မိုင်ကုန်း ဓမ္မဒူတတောရရိပ်သာ၌ နာယကဆရာတော် ဒေါက်တာအရှင်ပညိသရသည် မတ်၁ရက်မှ၇ရက်အထိ ဓမ္မနုပဿနာအလုပ်ပေး တရားတော်များ ဟောကြားမည်ဖြစ်၍ ရိပ်သာဝင်လိုသော ယောဂီများ ဖေဖော်ဝါရီ ၂၈ ရက်ညနေ အရောက်လာကြပါရန်နှင့် ရိပ်သာ ဖုန်း–၀၉–၅၃–၀၂၀၉၂၊ ၀၉–၅၁–၀၄၆၆၉၊ ကိုကျော်နိုင် (ပဲခူး) ဖုန်း–၀၉–၅၃–၀၁၅၃၇ နှင့် ကိုကျော်ဆန်း(ရန်ကုန်) ဖုန်း–၀၉–၅၀–၁၇၂၉၄ တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ကတ္တရာလမ်းသစ်ဖွင့်

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်တွင် အရှည်ပေ ၂၈၀၀၊ အကျယ် ၁၂ ပေရှိ အမှတ် ၁၀ လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက်က အမှတ် ၁ ရပ်ကွက်ရှိ မဏ္ဍပ်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းရွှေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် အမှတ် ၁ ရပ်ကွက်ဥက္ကဋ္ဌ ဦးဆန်ပေါင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

စာမေးပွဲဖြေဆိုမည့်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ချယ်ရီ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင့်ဝင့်နိုင်နှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၄ရက်က လားရှိုးတက္ကသိုလ်သို့ သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

စပါးနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး ဆွေးနွေး

မန္တလေးတိုင်း မတ္တရာမြို့နယ်တွင် ဇန်နဝါရီ ၁၇ရက်က မြို့နယ်ခန်းမတွင် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်ညှိနှိုင်းအစည်းအဝေးကျင်းပရာ ခရိုင်စိုက်ပျိုးရေး မန်နေဂျာဦးညွန့်ဆွေက နွေစပါး၊ မိုးစပါးနှင့် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

ကျပန်း စကားပြောပြိုင်

မန္တလေးတိုင်း မိတ္ထီလာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏(၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က အဆိုပါ အသင်းရုံးခန်းမတွင်ကျင်းပရာ ခရိုင်ဥက္ကဋ္ဌဦးမြင့်သန်းက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲတွင် ပထမဆုရ မောင်ကျော်သက်ထွန်း၊ ဒုတိယဆုရ မမိုးဆန်းသူ၊ တတိယဆုရ မသိမ့်သိမ့်ထွေးတို့အား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

ဟိုပင်၌ ကျောက်ချောလမ်းဖွင့်

နှစ်(၆၀)ပြည့်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် ဟိုပင်မြို့ မြို့မ တောင်ရပ်ကွက် အောင်ဝိဇ္ဇာ ကျောက်ချောလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ၁၂ရက်က အဆိုပါလမ်းထိပ်ရှိမုခ်ဦး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးခိုင် မင်းကိုနှင့်စည်ပင်သာယာရေးအဖွဲ့အမှုဆောင် အရာရှိ ဦးသိန်းထူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၏ စတုတ္ထအကြိမ် အနာကြီးရောဂါ ကင်းဝေးရေး အထိမ်းအမှတ်နေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက်က တောင်ကြီးမြို့ ပြည်နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ မိန့်ခွန်းကို မြို့နယ် ကျန်းမာရေးကြီးကြပ်မှုကော်မတီမှ ဦးခင်မောင်ကြီးက ဖတ်ကြားပြီး အထိမ်းအမှတ်နေ့ စာစီစာကုံး ပြိုင်ပွဲတွင် ဆုရသူများအား တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ခဲ့သည်။

နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံပြပွဲ

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲ၊ ဗီဒီယိုပြပွဲနှင့်ဟောပြောပွဲကို ယိုးတရုတ်ကျေးရွာ လဝန်းနီစာကြည့်တိုက်၌ ဇန်နဝါရီ ၂၄ ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးလှခိုင်က စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးပြောကြားပြီး ပြပွဲများကို ဖွင့်လှစ်ပြသခဲ့သည်။

မီးဘေးကာကွယ်ရေး လုပ်ငန်းများစစ်ဆေး

စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ်တွင် ဖေဖော်ဝါရီ ၅ရက်က မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးမြင့်ခိုင်နှင့် တပ်ဖွဲ့ဝင်များသည် အမှတ်(၆၁) ထွန်စက်စခန်း၌ မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာများ ဆောင်ရွက်ထားရှိမှုနှင့် ထွန်စက်စခန်း၏ ဆီသိုလှောင်ထားရှိမှုများကို ကွင်းဆင်း စစ်ဆေးခဲ့သည်။

ပေါင်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ စည်းဝေး

မွန်ပြည်နယ် ပေါင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ၄ရက်က မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဝေ(မောင်စိမ်းညို–ပေါင်)က အမှာစကား ပြောကြားပြီး အတွင်းရေးမှူးဦးအောင်မြင့် (ဘုန်းပွင့်ထွန်း–မွန်ပြည်နယ်)က အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို ရှင်းလင်းဆွေးနွေးခဲ့သည်။

မြန်မာအမျိုးသမီးဘောလုံးအသင်း ပေကျင်းသို့ထွက်ခွာ

၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၂၁ရက်မှ ၂၅ရက်အထိ ကျင်းပမည့် ၂၀၀၈ ခုနှစ်ပေကျင်းအိုလံပစ် အမျိုးသမီးခြေစစ်ဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အဖွဲ့ခေါင်းဆောင် ဒေါ်မြတ်မြတ်ဦး ခေါင်းဆောင်သည့် မြန်မာအမျိုးသမီးဘောလုံးအားကစားအဖွဲ့သည် ဖေဖော်ဝါရီ ၁၉ ရက်က လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။ မြန်မာအမျိုးသမီးဘောလုံးအဖွဲ့တွင် အုပ်ချုပ်မှုအဖွဲ့ဝင်ခြောက်ဦး၊ အားကစားသမား၂၀ စုစုပေါင်း ၂၆ဦးလိုက်ပါသွားကြသည်။

တစ်ချက်တည်း ကျင်းဝင်

တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့တွင် ပုလဲရွှေရည်ဂေါက်ကွင်း၌ ဇန်နဝါရီ ၂၄ရက်က ဂြိုဟ်တုဆက်သွယ်ရေးတာဝန်ခံ ဦးစိုးသိန်းသည် သံတုတ်နံပါတ်(၇) Pro Boron၊ ဂေါက်သီး အမျိုးအမည် Tour Special(4)ဖြင့် ကျင်းနံပါတ်(၄) ၁၅၈ကိုက်ကို ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးကြီးမင်းမြင့်ဆွေ၊ ဗိုလ်ကြီးကျော်နမော်၊ ဦးကိုကို(လျှပ်စစ်)တို့နှင့် ဂေါက်သီးရိုက်ကစားစဉ် တစ်ချက်တည်းကျင်းဝင်ခဲ့ကြောင်း သိရသည်။

မန်ယူ၊ဖာဂူဆန်နှင့် ဖလားသုံးလုံး အိပ်မက်

သုံးသပ်တင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် ဖေဖော်ဝါရီ ၂၀

ပြီးခဲ့သည့်နှစ်က ကားလင်းဖလားတစ်ခုဖြင့်သာ ကျေနပ်ခဲ့ရသည့် မန်ယူနည်းပြဖာဂူဆန်အတွက် ယခုနှစ်၌ ပရီမီယာလိဂ်ဖလား၊ ချန်ပီယံလိဂ်ဖလားနှင့် အက်ဖ်အေဖလားများ ရရှိရေးအတွက် မာရသွန်ခရီးကြမ်းကို ဖြတ်သန်းနေပြီဖြစ်သည်။

မန်ယူကလပ်သို့ ဖာဂူဆန်ရောက်ရှိခဲ့သည့် ၁၉၈၆ခုနှစ် နိုဝင်ဘာ ၆ရက်မှ စတင်ကာ ပရီမီယာလိဂ်ပွဲပေါင်း၅၇၁ပွဲ ဆင်နွှဲခဲ့ပြီးဖြစ်သလို နိုင်ပွဲ၃၆၀၊ သရေပွဲ ၁၂၉ပွဲနှင့် ရှုံးပွဲ ၈၂ပွဲ ရလဒ်များကိုလည်း ကြုံတွေ့ခံစားခဲ့ရပြီးဖြစ်သည်။

အထွတ်အထိပ်အောင်ပွဲ

မန်ယူအတွက် အောင်မြင်မှု အမြင့်မားဆုံး ဆောင်ရွက်ပေးနိုင်ခဲ့သည့် နှစ်မှာ ၁၉၉၉ခုနှစ်ဖြစ်ပြီး ထိုနှစ်၌ မန်ယူအတွက် ချန်ပီယံလိဂ်၊ ပရီမီယာလိဂ်နှင့် အက်ဖ်အေဖလားများကို တစ်နှစ်တည်း ရယူပေးနိုင်ခဲ့ရာ ထိုစဉ်က မန်ယူနှင့် ဖာဂူဆန်တို့ အထွတ်အထိပ် အောင်ပွဲနှစ် ဖြစ်ခဲ့သည်။

မန်ယူအတွက် အားကိုးနေရသော တောင်ပံတိုက်စစ်မှူး စီရိုနယ်ဒို၏ ကစားဟန်။ (ဓာတ်ပုံ-အင်တာနက်)

ထိုသို့သော အောင်မြင်မှုမျိုးကို ဖာဂူဆန် ယခုနှစ်၌ ပြန်လည်ရယူမည်ဟု ကြုံးဝါးထားရာ ဖာဂူဆန်၏ မျှော်လင့်ချက်များ လက်တွေ့ အကောင်အထည်ဖော်နိုင်မှုရှိ မရှိဆိုသည့် အချက်ကို ဆန်းစစ်လျှင် ခရီးလမ်းကြမ်းတမ်းမည့် အနေအထားရှိနေသည်ကို တွေ့ရမည် ဖြစ်သည်။

ဦးဆောင်

လက်ရှိအနေအထား၌ ပရီမီယာလိဂ်ကိုကြည့်လျှင် မန်ယူသည် လက်ရှိ ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးနှင့် ခြောက်မှတ် ဖြတ်ကာ ရှေ့ဆုံးက ဦးဆောင်လျက်ရှိသည်။

ဖိအားမရှိနိုင်

မန်ယူအနေဖြင့် ပရီမီယာလိဂ်တွင် လက်ကျန်ပွဲ ၁၁ ပွဲကစားရန် ကျန်ရှိနေပြီး ချယ်လ်ဆီးနှင့် အဝေးကွင်း၌ ကစားရမည့်ပွဲမှာ မိမိတို့အတွက် ပွဲကျပ်ဖြစ်သော်လည်း ကျန်ပွဲများအတွက် ဖိအားမရှိနိုင်ပါဟု ဖာဂူဆန်က ဆိုထားသည်။ ပရီမီယာလိဂ်ဖလားသည် ယခုနှစ်၌ မိမိတို့အတွက်သာဖြစ်ကြောင်း၊ မန်ယူတိုက်စစ်သည် အကောင်းဆုံး အနေအထားရှိနေသလို အလယ်တန်းနှင့် ခံစစ်မှူးများကလည်း ချိတ်ဆက်မိမိ ကစားနိုင်နေကြပြီဖြစ်ကြောင်း ဖာဂူဆန်က ပြောကြားထားသည်။

မလွယ်ကူ

ပရီမီယာလိဂ်၌မန်ယူ၏ အားနည်းချက်မှာ နောက်ပိုင်းပွဲချိန်များ၌ ဂိုးများပေးရခြင်းဖြစ်ရာ ယင်းအချက်ကိုနောက်တန်းဗဟိုခံစစ်မှူးများဖြစ်သော ဖာဒီနန်နှင့် ဗီဒစ်တို့က ထိန်းနိုင်ခဲ့ပြီဖြစ်ရာ မန်ယူတို့ကို အမှတ်မထင် သွင်းဂိုးမှလွဲ၍ အခြားတိုက်စစ်ဆင်ကစားမှုမှ ဂိုးရရန် မလွယ်ကူချေ။ အလယ်တန်းတွင် စခိုးလ်က ကစားအားမကျဘဲ ကစားနိုင်သလို မိုက်ကယ်ကာရစ်ကလည်း အံဝင်ခွင်ကျရှိလာနေပြီဖြစ်ရာ ကွင်းလယ်အားနည်းချက်မှာ တိုက်စစ်အရှိန် ရတ်တရက်မြှင့်လိုက်လျှင်ဟာသွားတတ်မှုကို ဖာဂူဆန် သတိထားပြင်ဆင်ဖွယ်ရှိသည်။

ရှိန်သွားစေနိုင်

မန်ယူတိုက်စစ်တွင် တိုက်စစ်မှူး လာဆင် ရောက်ရှိလာပြီး နောက်ပိုင်းဂိုးများဆက်တိုက် ရရှိလာသည်။ လာဆင်သည် ကိုယ်တိုင်ဂိုးသွင်းနိုင်သလို ကစားဖော်များဖြစ်သည့် ရွန်နေ၊ ဆာဟာနှင့် စီရိုနယ်ဒိုတို့ကိုလည်း ဂိုးရအောင်ဖန်တီးပေးနိုင်သည်ဖြစ်ရာ လာဆင်ကြောင့် မန်ယူတိုက်စစ်သည် ပရီမီယာလိဂ်၌ အကောင်းဆုံး အနေအထားရှိနေရာ ပြိုင်ဘက်အသင်းများကို ရှိန်သွားစေနိုင်သည့် အစွမ်းရှိနေသည်။

ဖာဂူဆန်အတွက် မန်ယူတိုက်စစ်တွင် မတ်၃ရက်၌ကစားမည့် ပရီမီယာလိဂ်ပွဲဖြစ်သည့် လီဗာပူးနှင့်ပွဲအပြီးတွင် လာဆင်၏ စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ရာ မတ်၁၂ရက်၌ မိခင်ကလပ်သို့ ပြန်ရမည်ဖြစ်သည်။ လာဆင်မရှိသည့် မန်ယူတိုက်စစ်ဖြင့် ကျန်ပရီမီယာလိဂ် ပွဲများကို မန်ယူ မည်သို့ ဖြတ်သန်းမည် ဆိုသည်မှာလည်း စိတ်ဝင်စားစရာ ကောင်းနေသည်။

ယခင် အောင်မြင်မှုမျိုး ပြန်လည်ရယူမည်ဟု ကြုံးဝါးနေသော မန်ယူအသင်း နည်းပြ ဖာဂူဆန်၏ဟန်။ (ဓာတ်ပုံ-အင်တာနက်)

မန်ယူအတွက်သာ

သို့သော် ကစားရှိန်တက်နေသော မန်ယူသည် တိုက်စစ်တွင် စီရိုနယ်ဒိုက ခြေစွမ်းအထက်မြက်ဆုံးချိန် ရောက်နေရာ ပရီမီယာလိဂ်၌ စီရိုနယ်ဒို၊ ရွန်နေနှင့် ဆာဟာတို့နှင့်ပင် ပရီမီယာလိဂ်ဖလားကို ဖာဂူဆန်ရအောင် ယူမည်မှာသေချာနေသည်။ ပရီမီယာလိဂ်ဖလားသည် ယခုနှစ်၌ မန်ယူမှလွဲပြီး အခြားအသင်းများကို ပေးမည်မဟုတ်ရာ ဖာဂူဆန်အနေနှင့် ပြိုင်ပွဲနောက်ဆုံးအချိန်တွင် ဂိုးမပေးရရေး အလေးထားလိုက်ပါက ပရီမီယာလိဂ်ဖလားသည် မန်ယူအတွက်သာ ဖြစ်ချေမည်။

ကစားအားကောင်း

တစ်ဖန် မန်ယူ၏ချန်ပီယံလိဂ် လမ်းကြောင်းကို ကြည့်လျှင် ချန်ပီယံလိဂ်နောက်ဆုံး ၁၆သင်းအဆင့်သို့ မန်ယူရောက်ရှိလာခဲ့ပြီ ဖြစ်သည်။ ချန်ပီယံတွင် ဥရောပမှ ခြေစွာနေသော အသင်းများကို ဖြတ်ကျော်ရန် လက်ရှိ မန်ယူကစားသမားများ၏အတွေ့အကြုံနှင့် လုံလောက်မှုမရှိချေ။ မန်ယူလူငယ်ကစားသမားများသည် ခြေစွမ်းထက်မြက်ပြီး ကစားအားလည်းကောင်းကြသူများဖြစ်သည်။

အကောင်အထည်ဖော်

သို့သော် အဝေးကွင်း၌ ဥရောပ ပြိုင်ဘက် ကလပ်အသင်းများ ဆုံတိုင်း ကစားကွက်ထုံနေတတ်သည်ဖြစ်ရာ တစ်ဖက်အသင်းကို တန်ပြန်တိုက်စစ်ဆင်ရာတွင် လျင်မြန်မှုနှင့် အဆုံးသတ်မှု အားနည်းနေတတ်သည်။ ချန်ပီယံလိဂ်၌ ဥရောပကလပ်အသင်းများနှင့် ကြုံတိုင်း ခက်ခက်ခဲခဲ ကစားရတတ်သည်ဖြစ်ရာ ဖာဂူဆန်၏ မန်ယူသည် ချန်ပီယံလိဂ်ဖလား ရရှိရေး လမ်းခရီးသည် ခက်ခဲကြမ်းတမ်းမည်ဖြစ်ပြီး ဖာဂူဆန်၏ ချန်ပီယံလိဂ်ဖလား ရရှိရေး အိပ်မက် အကောင်အထည်ဖော်နိုင်ရန် အလားအလာ မှေးမှိန်လျက်ရှိသည်။

ထို့အတူ အက်ဖ်အေဖလားပြိုင်ပွဲတွင်မန်ယူ၏အနေအထားသည်ကွာတားဖိုင်နယ်တက်ရန် ရုန်းကန်ရမည့် အနေအထားရောက်နေပြန်သည်။ အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ် ပထမအကျော့၌ ရက်ဒင်းကို အိုးထရက်ဖို့ဒ်၌ တစ်ဂိုးစီသရေကျခဲ့မှုမှာ ဆိုးရွားသည့် ရလဒ်ပင်ဖြစ်သည်။ ဒုတိယအကျော့ ရက်ဒင်းကွင်း၌ မန်ယူတို့ခက်ခက်ခဲခဲ ကစားရဖွယ်ရှိသည်။ သို့သော် ဖာဂူ ဆန်သည် အဝေးကွင်း၌ ရက်ဒင်းကို အနိုင်ကစားပြီး ကွာတားဖိုင်နယ် တက်နိုင်ရန် ကြိုးစားမည်မှာ သေချာသည်။

ခြေစွမ်းရှိ

ရက်ဒင်းသည် ကစားအားကောင်းသော်လည်း မန်ယူက တကယ်တမ်း အကြိတ်အနယ်ကစားလျှင် တောင့်ခံနိုင်မည် မဟုတ်ချေ။ ဖာဂူဆန်သည် အကျပ် အတည်းတွင် ထွက်ပေါက်ရအောင် စီမံတတ်သူ၊ နိုင်ပွဲရအောင် ခင်းကျင်းတတ်သူဖြစ်ရာ အက်ဖ်အေဖလား ပဉ္စမအဆင့် ဒုတိယအကျော့၌ ရက်ဒင်းကို အနိုင်ယူပြီး ကွာတား တက်မည်ဖြစ်သည်။ လက်ရှိ ကစားအားနှင့် ဗျူဟာ အခင်းအကျင်း ကောင်းလျှင် မန်ယူတို့ အက်ဖ်အေဖလားကို ရယူနိုင်သည့် ခြေစွမ်းရှိသည်။

အဟန့်ဖြစ်စေ

ဖာဂူဆန်သည် ယခုနှစ်၌ အက်ဖ်အေဖလားကိုလည်း ပရီမီယာလိဂ်ဖလားကဲ့သို့ ပစ်မှတ်ထားနေရာ မန်ယူ၏ ကစားရှိန်သည် ပြိုင်ဘက်အသင်းများကို အဟန့်ဖြစ်စေနိုင်ခဲ့ပြီး အထက်မြက်ဆုံးတိုက်စစ်ကိုလည်း ပိုင်ဆိုင်ထားရာ ဖာဂူဆန်၏ အက်ဖ်အေဖလား မျှော်မှန်းချက်သည် လက်တွေ့၌ အကောင်အထည်ပေါ်လာနိုင်ဖွယ်ရှိသည်။

စောင့်ကြည့်ရတော့မည်

၁၉၉၉ ခုနှစ်က ရရှိခဲ့သည့် ဖလားသုံးလုံးကို ယခုနှစ်၌ ဖာဂူဆန် ထပ်မံ အိပ်မက် မက်နေသော်လည်း အဖြစ်နိုင်ဆုံးမှာ ပရီမီယာလိဂ်နှင့် အက်ဖ်အေဖလားများသာ ဖြစ်နိုင်ချေရှိနေရာ လက်တွေ့၌ မည်သို့သော စွမ်းဆောင်မှုဖြင့် ရယူနိုင်မည်ကို စောင့်ကြည့် အကဲခတ်ရတော့မည် ဖြစ်ပေသည်။ ။

(ကိုးကား-အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်များ အသင်းကြီးများ ထိပ်တိုက်ဆုံတွေ့မှု ရှောင်ရှားနိုင်

ကိုးကားတင်ပြသူ-မြင့်မောင်စိုး

လန်ဒန် ဖေဖော်ဝါရီ ၂၀

အက်ဖ်အေဖလား ကွာတား ဖိုင်နယ် ပွဲစဉ်များကို ရေးဆွဲထုတ် ပြန်လိုက်ပြီဖြစ်ရာ အသင်းကြီးများ ဖြစ်ကြသည့် ချယ်လ်ဆီး၊မန်ချက်စတာယူနိုက်တက်နှင့် အာဆင်နယ်အသင်း တို့သည် အချင်းချင်း ထိပ်တိုက်ဆုံ တွေ့မှုကို ရှောင်လွှဲနိုင်ခဲ့ကြသည်။

အက်ဖ်အေဖလား။ (ဓာတ်ပုံ-အင်တာနက်)

မန်ယူနှင့်ရက်ဒင်းတို့ ပြန်ကန်ပွဲ အနိုင်ရသည့်အသင်းသည် မစ်ဒယ်ဘရော့သို့မဟုတ် ဝက်စ်ဘရွမ်း အသင်းထံသို့ သွားရောက်ကစားရမည် ဖြစ်သည်။

လက်ခံကစားရမည်

ချယ်လ်ဆီးအသင်းသည် အိမ်ကွင်း၌ တော့တင်ဟမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ အာဆင်နယ် သို့မဟုတ် ဘလက်ဘန်း အသင်းသည် မန်စီးတီးအသင်းကို အိမ်ကွင်း၌ လက်ခံကစားရမည်ဖြစ်သည်။ အဆိုပါ ပွဲစဉ်များကို မတ်၁၀ရက်နှင့် ၁၁ရက်တို့တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

ပြန်လည်တွေ့ဆုံ

ပလိုင်းမောက်အသင်းသည် ဝက်ဖို့ဒ်အသင်းကို အိမ်ရှင်အဖြစ် လက်ခံကစားမည် ဖြစ်သည်။ ယင်းတို့နှစ်သင်းသည် ၁၉၈၄ခုနှစ်က အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ပြီး ဆုံတွေ့ခဲ့ကြရာ ဒုတိယအကြိမ် ပြန်လည်ဆုံတွေ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

အက်ဖ်အေအကောင်းဆုံး ဘောလုံးသမားဆု ပဏာမ ဘောလုံးသမားငါးဦးရွေးချယ်

လန်ဒန် ဖေဖော်ဝါရီ ၂၀

အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီး ဘောလုံးသမားများ၏ စွမ်းဆောင်ရည်ပေါ် မူတည်၍ ပွဲစဉ်အဆင့် အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို ရွေးချယ်မည် ဖြစ်ရာ ပဏာမ ဘောလုံးသမားငါးဦးကိုအက်ဖ်အေကရွေးချယ်ထားကြောင်း ဖေဖော်ဝါရီ ၁၉ ရက်က အင်တာနက် သတင်းတွင် ဖော်ပြသည်။



တော့တင်ဟမ် တိုက်စစ်မှူး ရော်ဘီကိန်း။ (ဓာတ်ပုံ-အင်တာနက်)

အဆိုပါ ပဏာမရွေးချယ်ထားသော အကောင်းဆုံး ဘောလုံးသမား စာရင်းတွင် ရက်ဒင်းဂိုးသမား အဒမ်ဖီဒါရီစီ၊ ဘလက်ဘန်းမှ ဘရစ်ဖရိုက်ဒယ်၊ တော့တင်ဟမ်မှ ရော်ဘီကိန်း၊ ပလိုင်းမောက်မှ ဒေးဗစ်နော်ရစ်နှင့် မစ်ဒယ်ဘရော့တိုက်စစ်မှူး ယာကူဘူတို့ ပါဝင်ကြသည်။

ပါဝင်မည်

ယင်းငါးဦးမှ အကောင်းဆုံးဘောလုံးသမားအဖြစ် ရွေးချယ်ခံရသူသည် ယခင်အကျော့များတွင် အကောင်းဆုံးဘောလုံးသမားအဖြစ် ရွေးချယ်ခံထားရသည့် ရှစ်ဦးစာရင်းနှင့်ပေါင်းကာ အကောင်းဆုံးအက်ဖ်အေဘောလုံးအသင်းတွင် ပါဝင်မည် ဖြစ်သည်။

မဲပေးရွေးချယ်နိုင်

ယခုပဉ္စမအဆင့်တွင် အကောင်းဆုံးဘောလုံးသမားအဖြစ် ရွေးချယ်ခံရသူသည် ၂၀၀၇ခုနှစ် အက်ဖ်အေဖလားဗိုလ်လုပွဲတွင် အထူးဧည့်သည် အဖြစ် ဖိတ်ကြားခြင်းခံရမည် ဖြစ်သည်။ အဆိုပါ အကောင်းဆုံး ဘောလုံးသမားကို ပရိသတ်များအနေဖြင့် အက်ဖ်အေ ဝက်ဆိုက်ဒ်တွင် မဲပေးရွေးချယ်နိုင်ကြောင်း အက်ဖ်အေက ပြောကြားသည်။ **(အင်တာနက်)**

စိတ်ထားဖြူစင် ပါရမီရှင်အသင်း ရေစက်ချပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

နိုင်ငံတော်သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ပခုက္ကူဆရာတော်၏ ဩဝါဒကိုခံယူလျက် စိတ်ထားဖြူစင် ပါရမီရှင်အသင်းက ကြီးမှူးကျင်းပမည့် စုပေါင်းအလှူတော်ငွေဆက်ကပ်လှူဒါန်း ရေစက်ချပွဲကို ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ရန်ကုန်တိုင်း အရှေ့ဝါယာလက် ၂ လမ်း ကမ္ဘာအေး မရမ်းကုန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ကြွရောက်ပါရန်နှင့် ဖိတ်စာမရရှိသော စုဘူးအလှူရှင်များလည်း ကြွရောက်ပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(သတင်းစဉ်)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ စက်မှု ၁ လမ်း၊ တိုက် ၃၅၁၊ အခန်း ၂၂ နေ (ဦးမောင်ရွှေဖြူ)၏ မြေး၊
ဦးရွှေဖြူ(UNHCR၊ ငြိမ်း)နှင့် ဒေါ်ပန်းလေးဖြူတို့၏သားလတ်

မောင်ဝင်းနိုင် B.Sc(Phy:)

Monsoon Maritime Services Pte Ltd.

နှင့်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ Yankin Plam Village၊ တိုက် ၁၁၊ အခန်း ၁၄ နေ
ဗိုလ်မှူးကြီးလှထွန်း(စက်မှုလက်မှုအရာရှိချုပ်-လေ၊ ငြိမ်း)နှင့် ဒေါ်တင်လေးမြတို့၏သမီးထွေး

မလေးနီလာထွန်း B.Sc(Zool)

တို့၏ ၁၈-၂-၂၀၀၇ ရက်တွင် Panda Hotelပုလဲခန်းမ၌ကျင်းပပြီးစီးခဲ့သော ကျွန်တော် ကျွန်မတို့၏ မင်္ဂလာအခမ်းအနား၌ အောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးခဲ့သော ပါမောက္ခဒေါက်တာလှမြင့်(ဗိုလ်မှူးချုပ်၊ ငြိမ်း)နှင့် ဇနီး ဒေါ်စန်းစန်း(ဒုတိယဗိုလ်မှူးကြီး၊ ငြိမ်း)တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးခဲ့သော ဦးစိုးညွန့် (ပါမောက္ခ၊ ငြိမ်း၊ သချ်ာဌာန၊ ရန်ကုန်တက္ကသိုလ်)နှင့် ဇနီး ဒေါ်ခင်မမ(ကထိက၊ငြိမ်း၊ သချ်ာဌာန၊ ရန်ကုန်တက္ကသိုလ်)တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မစုနန္ဒာညီညီနှင့် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်ဆွေ သင်္ဂဟအပေါင်းတို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘဆွေမျိုးများနှင့်
မောင်ဝင်းနိုင်-မလေးနီလာထွန်း။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သုဝဏ္ဏနေ ဦးခင်မောင်ရွှေ
(မန်နေဂျာ၊ ငြိမ်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး)-ဒေါ်တင်ရီတို့၏သားငယ်

မောင်မြတ်မောင်မောင်

B.Sc (Physics), Dip C.S

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား ၁ ရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊
အမှတ် ၃၃ နေ သူရဦးဆွေဝင်း (လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ပြန်/ဆက်ဦးစီးဌာန)-
ဒေါ်မြင့်သီတာတို့၏ တစ်ဦးတည်းသောသမီး

မမြမဉ္ဇူဝင်း

B.B.A, Dip C.S

တို့၏

၁၄-၂-၂၀၀၇ ရက်နေ့တွင် Summit Partview Hotel (Ballroom) ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ပစ္စည်းပေးပို့ချီးမြှင့်ပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်ဇနီး ဒေါ်ခင်နှင်းဝေ၊ မင်္ဂလာ အောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ဗိုလ်ချုပ်ကက်စိန်(ငြိမ်း) နှင့် ဇနီး ဒေါ်ယဉ်ယဉ်မြင့်၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ဗိုလ်ချုပ်စိန်ထွား (ငြိမ်း)နှင့်ဇနီး ဒေါ်ခင်အေး အားလည်းကောင်း၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မချောအိသဲမောင်၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးသော မချောယုသဲမောင်၊ မင်္ဂလာလက်စွပ်ဖန်း ကိုင်ဆောင်ပေးသော မနိုးနိုး၊ သတို့သားအရံ မောင်ကျော်ဝေလင်း၊ သတို့သမီးအရံ မမိုးဇာသဲအောင်၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်ဖန်းတီးပေးသော ကိုမာနှင့်အဖွဲ့၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော အဆိုတော် စိမ်းမို့မို့နှင့် TheAces တေးဂီတအဖွဲ့၊ ဗီဒီယိုဖြင့်မှတ်တမ်းတင်ပေးသော ကိုသိန်းကျော် (MWD)၊ ဓာတ်ပုံ တက္ကသိုလ်စိန်ဝင်း၊ Summit Partview Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာဧည့်ခံပွဲအောင်မြင်စွာကျင်းပနိုင်ရန် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မြတ်မောင်မောင်-မမြမဉ္ဇူဝင်း။

ဂျုံစေ့အဝယ်တင်ဒါ

ဝယ်ယူမည့်ပစ္စည်း	အရေအတွက်	တင်ဒါပိတ်ရက်	အချိန်
ဂျုံဖြူ	၂၅၀ တန်	၁-၃-၂၀၀၇	၁၆း၀၀ နာရီ
ဂျုံနီ	၇၅၀ တန်	၁-၃-၂၀၀၇	၁၆း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန
မြန်မာ့စားသောက်ကုန်လုပ်ငန်း
နေပြည်တော် ဖုန်း-၀၆၇-၄၀၈၀၆၇
ရန်ကုန် ဖုန်း-၀၁-၅၆၁၀၅၄။

ကျေးဇူးဆပ်ပါမည်

ဦးမြလှိုင်၏သား မောင်ထွန်းလှိုင်၏ နိုင်ငံသားစိစစ်ရေးကတ် ၁၂/ကမရ(နိုင်)၀၄၁၅၁၆ တစ်ခု၊ မော်တော်ယာဉ်မောင်းလိုင်စင်၊ B/RGN-၀၂၁၄၅၉ တစ်ခု ခရီးသွားရင်း ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

မောင်ထွန်းလှိုင်
အမှတ်(၉)၊ချမ်းမြေ့ရိပ်ငြိမ်၊ခေမာလမ်း၊
ရှောက်ပင်ခြံရပ်၊(၈)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-(C/O)၅၀၁၀၁၀၊၇၂၄၂၇၄။

ဒေါ်စံစံသိန်း

- တက္ကသိုလ်ဝင်တန်းဖြေဆိုမည့်သူများအတွက် 'San' English Briliant One (Grade-II)
- အင်္ဂလိပ်စာခိုင်မာလိုသူများအတွက် 'San' Notable Word Formation For Students

ထွက်ပါပြီ

လိပ်စာ-အမှတ်(၅၁)၊ဒု(ယာ)၊သုခလမ်း၊ကျောက်မြောင်း၊တာမွေ၊ရန်ကုန်။ ဖုန်း-၅၅၂၁၉၀။

အကြမ်းဖက်အဖျက်သမားများ၏ ချိန်ကိုက်မိုင်းထောင် ဖောက်ခွဲမှုကြောင့် မော်လမြိုင်မြို့ ဈေးကြီးကားဂိတ်အတွင်း ရပ်နားထားသော ခရီးသည်တင် မှန်လုံယာဉ်တစ်စီးပေါ်၌ မိုင်းပေါက်ကွဲမှုတစ်ခုဖြစ်ပွား

ကိုယ်ထည်အနည်းငယ်နှင့် ထိုင်ခုံအခင်းပြားပျက်စီး၊ လူထိခိုက်ဒဏ်ရာရမှုမရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

အကြမ်းဖက်အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်မှု၊ ရပ်ရွာအေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ပြည်သူလူထု၏ လုံခြုံမှုများထိခိုက်ပျက်ပြားစေရန်အတွက် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးလုပ်ကြံလျက်ရှိကြောင်း သတင်းများရရှိသဖြင့် လုံခြုံရေးသတိထားရှိ ဆောင်ရွက်နိုင်ကြရန် သတင်းများထုတ်ပြန် အသိပေးလျက်ရှိသည်။

ထိခိုက်ဒဏ်ရာရမှုမရှိ

ဖေဖော်ဝါရီ ၂၀ရက် **(ယနေ့)**နံနက် ၁၁နာရီ၁၅ မိနစ်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြီးအဝေးပြေးကားဂိတ်တွင် ရပ်နားထားသော ခရီးသည်တင် မှန်လုံယာဉ်တစ်စီးပေါ်၌ အကြမ်းဖက်အဖျက်သမားများထောင်ထားခဲ့သည့် ချိန်ကိုက်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ကြောင်းနှင့် ယာဉ်ပေါ်၌ ယာဉ်မောင်းနှင့် ခရီးသည်နှစ်ဦးသာရှိနေသဖြင့် ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း သိရသည်။

ပေါက်ကွဲ

ဖြစ်ပွားပုံမှာ ယာဉ်မောင်းဦးစိုးမင်း မောင်းနှင်သည့် စိုးရတနာခရီးသည်တင် မှန်လုံယာဉ် ၅ခ/၃၀၄၄ သည် ကျိုက်ထိုမှ မော်လမြိုင်ဈေးကြိုကားဂိတ်သို့ ယနေ့နံနက် ၁၀နာရီ၁၅မိနစ်တွင် ရောက်ရှိပြီး ကျိုက်ထိုသို့ ပြန်လည်ထွက်ခွာရန် ရပ်နားထားစဉ် နံနက် ၁၁နာရီ၁၅မိနစ်တွင် ထိုင်ခုံအမှတ်(၁၂)အောက်မှ ပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။

အဆိုပါပေါက်ကွဲမှုကြောင့် ကားကိုယ်ထည်သံပြားအချင်းတစ်ပေခွဲခန့် ပွင့်ထွက်ကာ ထိုင်ခုံနှစ်လုံး၏ ရေမြှုပ်နှင့် သုံးထပ်သားပြားအခင်း ပျက်စီးသွားပြီး မီးအနည်းငယ်လောင်သဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရကြောင်းနှင့် ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာတစ်ဝိုက် ကြည့်ရှုစစ်ဆေးရာ မိုင်းအစအနနှင့် ဆက်စပ်ပစ္စည်းများမတွေ့ရဘဲ ယမ်းအားသုံး၍ ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်ဟု သိရသည်။

ကူညီဆောင်ရွက်

ယင်းဖောက်ခွဲမှုကျူးလွန်ခဲ့သည့် အကြမ်းဖက်အဖျက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာကရာဇ္ဇဝတ်စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်းနှင့် အများပြည်သူများအနေဖြင့် မိမိတို့၏နေ့စဉ်လူမှုစီးပွားရေးဘဝ အေးချမ်း လုံခြုံမှုရှိစေရေးအတွက် ပါဝင်ပူးပေါင်းခြင်းဖြင့် ကူညီဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်း နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှည်းကူးမြို့နယ်၌ အသင်းစည်းရုံးရေး အခြေခံသင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဖေဖော်ဝါရီ ၁၉ရက် နံနက်ပိုင်းက ရွှေပြည်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး မြို့နယ်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများ၊ အသင်းဝင်များနှင့် တွေ့ဆုံသည်။

ဆွေးနွေးမှာကြား

ရှေးဦးစွာ မြို့နယ် အတွင်းရေးမှူးက မြို့နယ်အတွင်း အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများနှင့် နွေရာသီ သင်တန်းများ ဖွင့်လှစ်မည့် အခြေအနေများကို တင်ပြရာ ဗဟိုအလုပ်အမှုဆောင်က အသင်းဝင်များ အနေဖြင့် အသင်းကြီးက ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများကို အလေးထား လိုက်နာ ဆောင်ရွက်သွားကြရန် လူထုအတွင်း စည်းရုံးရေးလုပ်ငန်းများ စနစ်တကျ တက်တက်ကြွကြွ ဆောင်ရွက်ရန်၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူလူထုနှင့် ပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် ဆွေးနွေး မှာကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် မွန်းလွဲပိုင်းတွင် လှည်းကူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ရောက်ရှိပြီး လှည်းကူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဖွင့်လှစ်သည့် စည်းရုံးရေး အခြေခံသင်တန်း (၁/၂၀၀၇)ဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်က သင်တန်းအတွက်အလှူငွေများပေးအပ်ရာ မြို့နယ်အတွင်းရေးမှူးက လက်ခံပြီး ဗဟိုအလုပ်အမှုဆောင်က အသင်းဝင်အဆိုပြုလွှာအစောင်၅၆၀ကိုလက်ခံသည်။

ပူးပေါင်းဆောင်ရွက်

ထို့နောက် ဗဟိုအလုပ်အမှုဆောင်က စည်းရုံးရေးအားကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရန်၊ အသင်းကို ကျစ်လျစ်ခိုင်မာစွာဖွဲ့စည်းပြီး ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန် အဖြစ်ခံယူပြီး ဦးတည်ချက်(၁၂)ရပ်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ဖြင့် ပြည်သူ့အကျိုးကို ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

မြန်မာ့အရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု ရူပဗေဒဘာသာ သင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲ

ရူပဗေဒဘာသာ [illegible]

၂၀၁၇ တက္ကသိုလ်ဝင်တန်း ရူပဗေဒမေးခွန်းလွှာဟာ ၂၀၁၆ မေးခွန်းပုံစံအတိုင်းပဲဖြစ်ပါတယ်။

- Section (A) မှာ Answer All Questions ဖြစ်တဲ့အတွက် ရှုပ်ထွေးတဲ့ မေးခွန်းဖြစ်ပါတယ်။ [illegible] No. 1 မှာ Fill in the blanks (၄)ခု No. 2 မှာ True/False (၄)ခုတို့ဖြစ်ပြီး [illegible]
- Section (B) မှာ Answer any FOUR Questions ဖြစ်တဲ့အတွက် No. 10 မှ No. 15 အထိ [illegible] Section (B) [illegible] Section (B) [illegible] (a) နှင့် (b) [illegible]

[illegible] Concept တွေ Definitions တွေ Laws and Principles တွေ Illustration တွေ Examples တွေ Questions and Problems တွေကို [illegible]

1. **Fill in the blanks.**
   1. A spring obeys ....law. အဖြေက Hook's ဖြစ်ပါတယ်။
   2. A short-sighted person needs a..........lens. အဖြေက concave ဖြစ်ပါတယ်။
   3. The unit of capacitance is the........... အဖြေက farad ဖြစ်ပါတယ်။
   4. NAND gate and .... gates are universal gates. အဖြေက NOR ဖြစ်ပါတယ်။
2. Are the following statements **True** (or) **False**?
   1. The force applied to an elastic body is called stress. အဖြေက True ဖြစ်ပါတယ်။
   2. For refraction to take place two optical media are required. အဖြေက True ဖြစ်ပါတယ်။
   3. Changing magnetic field or flux also produces an emf. အဖြေက True ဖြစ်ပါတယ်။
   4. A nucleus contains protons, electrons and neutrons. အဖြေက False ဖြစ်ပါတယ်။

[illegible]

1. A man running up a stairs of 3 m high in 2 s produces a power of 1050 W. Find his mass?

   [illegible] $h = 3$ m, $t = 2$ s, $P = 1050$ W, [illegible] mass ဖြစ်တယ်။
   Using $P = W/t$, $W = Pt = 1050 \times 2 = 2100$ J
   Using $W = mgh$, $m = W/(gh) = 2100/(10 \times 3) = 70$ kg
2. A helium balloon is designed to support a certain net load. If the balloon is filled with helium of 900 m^3, find the load it supports. ($\rho_{air} = 1.3$ kg m^{-3}, $\rho_{He} = 0.3$ kg m^{-3})

   [illegible] $V = 900\ m^3$, $\rho_{air} = 1.3$ kg m^{-3}, $\rho_{He} = 0.3$ kg m^{-3}, [illegible] mass ဖြစ်တယ်။
   upward thrust = total downward load
   $\rho_{air}\, g\, V = w_{He} + w_{load}$
   $\rho_{air}\, g\, V = \rho_{He}\, g\, V + m_{load} \times g$
   $m_{load} = V(\rho_{air} - \rho_{He}) = 900 \times (1.3 - 0.3) = 900$ kg
3. A person whose surface area of the body is 1.5 m^2 is walking at a regular speed, and heat is generated 0.03 m below the skin. If the temperature difference between the skin and interior of the body is 28 °C, and if the heat is to be conducted to the surface of the skin, find the rate of heat generated by him to the air.
   ($\kappa = 5 \times 10^{-5}$ W m^{-1} K^{-1})
   $H = kA(T_2 - T_1)/l = 5 \times 10^{-5} \times 1.5 \times 28/0.03 = 0.07$ W
4. An object is placed 10 cm in front of a concave mirror and the object is formed 30 cm behind the mirror. Find the radius of curvature of the mirror.
   $u = 10$ cm, $v = -30$ cm, $R = ?$
   using $1/f = 1/u + 1/v$, we get $f = (uv)/(u+v)$
   $f = 10 \times (-30)/(10 - 30) = 15$ cm
   using $f = R/2$, $R = 2f = 2 \times 15 = 30$ cm
5. When viewing from above, a glass slab seems 3 cm thick. If it really is 4.5 cm thick, find the refractive index of that glass.
   n = real depth/apparent depth = 4.5/3 = 1.5
6. A compound microscope consists of two thin lenses, an objective of focal length 20 mm and an eyepiece of focal length 50 mm, placed 220 mm apart. If the final image is viewed at infinity, calculate the distance of the object from the objective and also the magnifying power of the instrument when it is used by a man whose near point is at a distance of 250 mm.
   $f_0 = 20$ mm, $f_e = 50$ mm, $v_e = \infty$
   $v_0 + u_e = 220$ mm, $u_0 = ?$, $MP = ?$
   Since the final image is at infinity $u_e = f_e = 50$ mm
   $v_0 = 220 - u_e = 220 - 50 = 170$ mm

$$\frac{1}{u_0} = \frac{1}{f_0} - \frac{1}{v_0} = \frac{1}{20} - \frac{1}{170} = \frac{17-2}{340} = \frac{3}{68}$$ and we get $u_0 = 22.67$ mm

$$MP = \frac{v_0}{u_0} \times \frac{25\,cm}{f_e} = \frac{170}{68/3} \times \frac{250}{50} = 37.5$$

7. Two charges of $+4 \times 10^{-6}$ C and $+8 \times 10^{-6}$ C are x m apart. The electric field intensity midway between them is 36000 NC^{-1}. Find x.

$$E = E_2 - E_1 = \frac{1}{4\pi\varepsilon_0}\left(\frac{Q_2}{r_2^{\,2}} - \frac{Q_1}{r_1^{\,2}}\right)$$

$$3600 = 9 \times 10^9 \times \frac{1}{(x/2)^2} \times (8-4) \times 10^{-6}$$

   $x = 2$ m
8. The electric field between the plates of a 6 V battery is 1200 NC^{-1}. What is the distance between the two plates?
   Since $E = V/d$, $d = V/E = 6/1200 = 5 \times 10^{-3}$ m = 5 mm
9. A 1000 μF capacitor is connected to a 6 V battery. Find the charge between the plates.
   $C = Q/V$, $Q = CV = 1000 \times 10^{-6} \times 6 = 6000$ μC
10. In the given circuit, the voltage drop at the LED is 2 V and the maximum current rating of LED is 20 mA. Find the value of resistance and the power dissipated by it.



   $R = V/I = (5-2)/(20 \times 10^{-3}) = 150\ \Omega$
   $P = I^2 R = (20 \times 10^{-3})^2 \times 150 = 60$ mW
11. A 6 V output transformer is to be designed for electronic work. If the primary is of 1000 turns and connected to 240 V, 1.2 kW main line, what should be the number of coils in secondary? What is the current at the output?
   $N_S/N_P = V_S/V_P$, $N_S = N_P \times V_S/V_P = 1000 \times 6/240 = 25$ turns
   $I_S/I_P = V_P/V_S$
   $I_S = I_P \times V_P/V_S = (P_P/V_P) \times V_P/V_S = P_P/V_S = 1200/6 = 200$ A
12. Explain Thomson's atomic model and Rutherford's atomic model.

   Thomson's Atomic Model In this model, the positive charge was supposed to be uniformly distributed throughout a sphere in which the electrons were embedded. A normal atom is electrically neutral and hence the sum of the positive and negative charges is zero. **[Draw Fig 14.39]**

   Rutherford's Atomic Model The positive charge should not be spread throughout the atom but should be concentrated in a small volume at the center of the atom. This positively charged volume is called the nucleus, which is surrounded by electrons. According to this model the space inside an atom is mostly empty. **[Draw Fig 14.42]**
13. What are x-rays? How are x-rays produced? Draw an x-ray tube.

   X-rays X-rays are electromagnetic waves which are emitted when fast moving electrons strike the tungsten target.

   X-rays are produced by accelerating electrons through a potential drop 10 to 100 kV in a high vacuum and then stopping them suddenly on a target.



စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ ၁၅ မှ

14. What are the mass numbers and atomic numbers of the following elements?

(i) $^{206}_{82}Pb$ (ii) $^{235}_{92}U$ (iii) $^{193}_{80}Hg$

Element	Mass Number	Atomic Number
$^{206}_{82}Pb$	206	82
$^{235}_{92}U$	235	92
$^{193}_{80}Hg$	193	80

15. State Bohr's basic assumptions. Why does an electron moving around the nucleus not fall into the nucleus?

Bohr's basic assumptions

1. The electrons, which are moving around the nucleus, should be restricted to allowed orbits.
2. If an electron is moving in a certain orbit it does not absorb or radiate energy. But it may absorb or radiate energy when it jumped from one orbit to another.
3. An electron moving around the nucleus does not fall into the nucleus because it is moving around a certain orbit and it does not radiate energy.

16. The resistance of a moving-coil galvanometer is 25 Ω and the current required for a full-scale deflection is 0.02 A. Find the resistance to be used to covert it into (a) an ammeter reading up to 5 A and (b) a voltmeter reading up to 150 V.

(a) for an ammeter

$R_G = 25\ \Omega$, $i = 0.02$ A, $I = 5$ A, $r = ?$

$$r = \frac{iR}{I-i} = \frac{0.02\times 25}{5-0.02} = 0.1\ \Omega$$

(b) for a voltmeter, $R_G = 25\ \Omega$, $i = 0.02$ A, $V = 150$ V, $R = ?$

$$R = \frac{V}{i} - R_G = \frac{150}{0.02} - 25 = 7475\ \Omega$$

17. When an electric stove is connected to a 240 V mains line it draws a current of 6 A. The electric stove is used for 15 min. (a) Find the amount of heat produced by it. (b) Calculate the cost of using it if the electric energy costs 50 pyas per unit.

$V = 240$ V, $I = 6$ A, $t = 15$ min $= 900$ s $= 0.25$ h

$$\text{(a) } H = \frac{I^2Rt}{J} = \frac{VIt}{J} = \frac{240\times 6\times 900}{4.2} = 308571.43 \text{ cal} = 3.09\times 10^5 \text{ cal}$$

(b) $W = VIt = 240 \times 6 \times 0.25$ Wh $= 360$ Wh $= 0.36$ kWh

cost $= 0.36 \times 50 = 18$ pyas

18. When two 6 V batteries, having the same internal resistance and connected in series, are connected to a 5 Ω resistor; the current in the circuit is 2 A. When these batteries are in parallel, a current of 1.5 A flows through when connected to another resistor. Find the resistance of the resistor.

$E_1 = E_2 = 6$ V, Let $r_1 = r_2 = x\ \Omega$,

For the first case, $R_1 = 5\ \Omega$

$E = E_1 + E_2 = 6 + 6 = 12$ V

$r = r_1 + r_2 = x + x = 2x\ \Omega$



$$I = \frac{E}{R+r} \text{ and } 2 = \frac{12}{5+2x}$$

$x = 0.5\ \Omega$

For the second case, $E = 6$ V and $r = x/2 = 0.5/2 = 0.25\ \Omega$

$$I = \frac{E}{R+r}$$

$$1.5 = \frac{6}{R+0.25} \text{ and get } R = 3.75\ \Omega$$

19. A capacitor having a capacitance of 2 μF and a charge of 2000 μC is connected in series with another capacitor having a capacitance of 8 μF and a charge of 1600 μC. (a) Find the potential difference of the individual capacitors prior to the connection. (b) Find the potential difference of the individual capacitors after the connection.

(a) $C_1 = 2$ μF, $Q_1 = 2000$ μC



Fig Before connection

$$V_1 = \frac{Q_1}{C_1} = \frac{2000\times 10^{-6}}{2\times 10^{-6}} = 1000 \text{ V}$$

$C_2 = 8$ μF, $Q_2 = 1600$ μC.

$$V_2 = \frac{Q_2}{C_2} = \frac{1600\times 10^{-6}}{8\times 10^{-6}} = 200 \text{ V}$$

(b) After connection,

$V = V_1 + V_2 = 1000 + 200 = 1200$ V

$$\frac{1}{C} = \frac{1}{C_1} + \frac{1}{C_2} = \frac{1}{2} + \frac{1}{8} = \frac{5}{8} \text{ and } C = 1.6\ \mu F$$

$Q = CV = 1.6\times 1200 = 1920$ μC

$$V_1 = \frac{Q}{C_1} = \frac{1920\times 10^{-6}}{2\times 10^{-6}} = 960 \text{ V and } V_2 = \frac{Q}{C_2} = \frac{1920\times 10^{-6}}{8\times 10^{-6}} = 240 \text{ V}$$

20. Two charges of $+1.0 \times 10^{-12}$ C and -4.0×10^{-12} C are 5.0 m apart in air. Determine the electric field intensity and the electric potential midway between them.



Let the midpoint be P

$$E_1 = K\frac{Q_1}{r_1^{\,2}} = 9\times 10^9 \times \frac{1.0\times 10^{-12}}{(2.5)^2} = 1.44\times 10^{-3} \text{ N C}^{-1}$$ ($\vec{E}_1$ is directed towards Q_2)

$$E_2 = K\frac{Q_2}{r_2^{\,2}} = 9\times 10^9 \times \frac{4.0\times 10^{-12}}{(2.5)^2} = 5.76\times 10^{-3} \text{ N C}^{-1}$$ ($\vec{E}_2$ is directed towards Q_2)

$\vec{E} = \vec{E}_1 + \vec{E}_2$ and $E = E_1 + E_2 = 1.44 \times 10^{-3} \times 5.76 \times 10^{-3} = 7.2 \times 10^{-3}$ NC^{-1} (towards Q_2)

$$V_1 = K\frac{Q_1}{r_1} = 9\times 10^9 \times \frac{+1.0\times 10^{-12}}{2.5} = 3.6\times 10^{-3} \text{ V}$$

$$V_2 = K\frac{Q_2}{r_2} = 9\times 10^9 \times \frac{-4.0\times 10^{-12}}{2.5} = -14.4\times 10^{-3} \text{ V}$$

$V = V_1 + V_2 = 3.6 \times 10^{-3} - 14.4 \times 10^{-3} = -10.8 \times 10^{-3}$ V

21. A uranium nucleus has a charge of 92e. (a) Find the direction and the magnitude of the electric field intensity due to the nucleus at a point 10^{-10} m from the nucleus. (b) Find the direction and magnitude of the force on an electron placed at that point.

$Q = 92\ e = 92 \times 1.6 \times 10^{-19}$ C $= 147.2 \times 10^{-19}$ C, $r = 10^{-10}$ m

$$\text{(a) } E = K\frac{Q}{r^2} = 9\times 10^9 \times \frac{147.2\times 10^{-19}}{(10^{-10})^2} = 1324.8\times 10^{10} \text{ NC}^{-1}$$

The direction of electric field is away from the nucleus.

(b) $q = 1.6 \times 10^{-19}$ C

$E = \dfrac{F}{q}$ and $F = qE = 1.6 \times 10^{-19}$ C $\times 1324.8 \times 10^{10}$ NC^{-1} $= 2119.68 \times 10^{-9}$ N $= 2.1 \times 10^{-6}$ N

The direction of the force is away from the nucleus.

22. State Ohm's Law? Do semiconductor devices obey Ohm's Law? Write down the relation between resistance and temperature for metal.

Ohm's Law: If a conductor is kept at a constant temperature, the current flowing through it is directly proportional to the potential difference between its ends.

No.

$R_T = R_0 (1 + \alpha T)$ where R_0 = resistance at 0 °C, R_T = resistance at T °C and α is the temperature coefficient.

23. State laws of refraction. How many media are essential for the refraction to take place? What is the minimum limit for the refractive index of a medium?

Laws of Refraction

(i) The incident ray, the refracted ray and the normal all lie in the same plane.

(ii) For a particular wavelength of light and for a given pair of media the ratio of the sine of the angle of incidence to the sine of the angle of refraction is a constant.

Two

1

24. Write down the properties of cathode rays.

The Properties of Cathode Rays

1. Cathode rays travel in straight line.
2. Cathode rays have momentum and kinetic energy.
3. Cathode rays consist of negatively charged particles.
4. Cathode rays can be deflected by magnetic field as well as electric field.

စာမျက်နှာ ၁၇ ကော်လံ ၁ သို့

အမည်မှန်
(အဖ) ဦးမြင့်အောင် ၁၂/မဘန(နိုင်) ၀၁၄၀၀၃၏သားကြီး မောင်ဇေယျာဦး၏ အမည်မှန်မှာ မောင်အောင်ဇေယျာဦး ၁၄/မအန(နိုင်)၁၈၅၀၆၀နှင့် သားငယ် မောင်တေဇ၏ အမည်မှန်မှာ မောင်တေဇာမြင့်အောင် ၁၄/မအန(နိုင်)၁၈၅၀၅၉ ဖြစ်ပါသည်။

အမည်ပြောင်း
ကော့မှူးမြို့နယ် နတ်စင်ကုန်း(ထက်–ခွဲ)အဋ္ဌမတန်းမှ ကျောင်းဝင်အမှတ်၅၃၅၇ဖြစ်သူ(အဖ)ဦးအေးကျော်၏သား မောင်ဖြိုးဇော်ရွှေအား ယနေ့မှစ၍မောင်ကျော်မင်းခန့်ဟုပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်မင်းခန့်။**



ရောင်းမည်
၄၇လမ်း၊ အပေါ်ဘလောက်၊ မြေညီ၊ ပထမထပ်၊ ဖုန်း၊ အဲယားကွန်း၊ အဆင့်မြင့်ပြင်ဆင်ပြီး၊
ဆက်သွယ်ရန်ဖုန်း–၀၉–၅၁–၄၀၈၃၅၊ ၂၄၆၁၆၇။

အမြန်ဝယ်လိုသည်
ရိုးရိုးကြက်ဆူကြိတ်ဖတ်နှင့် ခြံစည်းရိုး ကြက်ဆူကြိတ်ဖတ် ဈေးကောင်းပေးဝယ်မည်။
ဆက်သွယ်ရန်ဖုန်း–၀၉–၅၁၃၃၀၀၃။

မင်းဘူးမြို့ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးအဖွဲ့ သရက်ခရိုင် ကံမမြို့၌ ကွင်းဆင်း မျက်စိစမ်းသပ်၊ ခွဲစိတ်ကုသပေး

ကံမ ဖေဖော်ဝါရီ ၁၅

ကံမမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မင်းဘူးမြို့ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်းအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖေဖော်ဝါရီ ၆ရက်မှ ၉ရက်အထိ သရက်ခရိုင် ကံမမြို့တွင် ကွင်းဆင်း၍ မျက်စိစစ်ဆေး၊ ခွဲစိတ်ကုသပေးခဲ့သည်။

စစ်ဆေးကုသ

မင်းဘူးမြို့ မျက်ခမ်းစပ်နှင့်မျက်မမြင် ကာကွယ်ရေးစီမံကိန်းအဖွဲ့က မျက်စိအထူးကုဆရာဝန် ဒေါက်တာအောင်ဆန်းဝင်း၊ ဒေါက်တာဝင်းဗိုလ်သန်းနှင့်အဖွဲ့သည် ကံမမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးတွင် မျက်စိလူနာ ၇၆၂ဦးအား စစ်ဆေးကုသပေးခဲ့ကြသည်။

အတွင်းတိမ်လူနာ ၃၆ဦးကို ကံမမြို့ ပြည်သူ့ဆေးရုံ၌ ခွဲစိတ်ကုသပေးပြီး မျက်ကြည်မှန်များ အခမဲ့တပ်ဆင်ပေးခဲ့သည်။ **(အောက်ပုံ)** ခွဲစိတ်ရန်ကျန်ရှိသော အတွင်းတိမ်လူနာ ၃၈ဦးအား မင်းဘူးမြို့ မျက်စိကုဌာနသို့ခေါ်ယူ၍ အခမဲ့ခွဲစိတ်ကုသမှု ခံယူနိုင်ရန် ဆောင်ရွက်ပေးခဲ့သည်။

လှူဒါန်းနိုင်

ကွင်းဆင်း မျက်စိခွဲစိတ် ကုသမှုများကို ကံမမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်ပြည်သူ့ဆေးရုံဝန်ထမ်းများလည်း ပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ဆေးကုသမှု ကုန်ကျစရိတ်အားလုံးကို ရေနံချောင်းမြို့ ရွှေနဂါးမော်တော်ဆိုင်ကယ်ထုတ်လုပ်ရေးမှ ဒေါ်ဝင်းမော်ထွန်းက လှူဒါန်းခဲ့ကြောင်း သိရသည်။

(မျက်စိအထူးကုအဖွဲ့)

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဝါဆိုကျောင်း ဆရာတော်များထံ ဆန်၊ဆီနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်

မန္တလေး ဖေဖော်ဝါရီ ၁၆

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းဦးဆောင်၍ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၏ ဇနီးများ၊ ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများသည် ဖေဖော်ဝါရီ ၁၀ရက် ညနေ၄နာရီက မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းသို့သွားရောက်၍ ဆန်၊ ဆီ၊ အာလူး၊ ငရုတ်၊ ကြက်သွန်နှင့် အခြားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဝါဆိုကျောင်း ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အဋ္ဌိယထံမှ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့်အဖွဲ့ဝင်များက ငါးပါးသီလ ခံယူဆောက်တည်၍ ဆန်၊ ဆီ၊ အာလူး၊ငရုတ်၊ကြက်သွန်နှင့်အခြားလှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

အမျှဝေ

ထို့နောက် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များသည် ဆရာတော်ထံမှ အနုမောဒနာ တရားနာကြား၍လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

လမ်းမျက်နှာပြင် အနိမ့်အမြင့်ညှိ

မလှိုင် ဖေဖော်ဝါရီ ၉

မလှိုင်မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၀၆–၂၀၀၇ ဘဏ္ဍာနှစ်အတွက် အကျယ်၁၂ပေရှိ လမ်းမျက်နှာပြင် အနိမ့်အမြင့် ညှိခြင်းလုပ်ငန်းကို မိုင်တိုင်အမှတ် ၁၃/၂မှ ၁၆/၃အတွင်း ဆောင်ရွက်ရာ ဇန်နဝါရီ ၂၂ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးသန်း၊ မြို့နယ်အင်ဂျင်နီယာ(ပဆဝ)ဦးတင်ဝင်း၊မြို့နယ်စာရင်းစစ် ဦးစီးအရာရှိ ဒေါ်ခင်စန်းမေနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေထက်ရှိန်တို့ ကွင်းဆင်း စစ်ဆေးကြကြောင်း သိရသည်။

(၄၁၉)

စာမျက်နှာ ၁၈ မှ

25. Discuss how NAND gates can be used to get other gates.

The Properties of Universal Gates NAND

Logic circuit / Truth table

Input	A	B	Output
0	0	0	1
1	1	1	0



A	B	C	D	Output
0	0	1	1	0
0	1	1	1	0
1	0	1	1	0
1	1	0	0	1



A	B	C	D	Output
0	0	1	1	0
0	1	1	0	1
1	0	0	1	1
1	1	0	0	1

A	B	C	D	E	Output
0	0	1	1	0	1
0	1	1	0	1	0
1	0	0	1	1	0
1	1	0	0	1	0

26. Briefly describe about characteristic x-rays and continuous x-rays?

Characteristics x-rays High energy electrons emitted from the cathode in bombarding the target knock an electron completely out of its atom. Electrons from the higher energy will fall back into the vacant position emitting the characteristic x-radiations.

Continuous x-rays When an electron passes through the atoms of the target material, it will suffer a series of deflections in the Coulomb field of the nuclei of the target. Each time the electron is deflected it gives a brief acceleration which produces a small burst of radiation. This gives rise to the continuous spectrum.



Fig Characteristic x-rays



Fig Continuous x-rays

တပ်မတော်မှ အသုံးမလိုတော့သည့် ပစ္စည်းများအား အောက်ပါအတိုင်း လေလံတင် ထုခွဲရောင်းချမည် ဖြစ်ပါသည်

ပယာန(မန္တလေး)
(၅-၃-၂၀၀၇) မှ (၉-၃-၂၀၀၇)အထိ

စဉ်	ပစ္စည်းရှိရာတပ်	နေရာ	ပစ္စည်းအမျိုးအစား
(က)	ယတရ(၂)	မြစ်ငယ်	စက်ယန္တရား
(ခ)	စအရ(၉၀၁)	မြစ်ကြီးနား	စက်ယန္တရား
(ဂ)	စအရ(၉၁၃)	ကျိုင်းတုံ	စက်ယန္တရား
(ဃ)	ဆလအခွဲ(၉၆၆)	နမ့်စန်	ကျောက်သယ်ယာဉ်
(င)	ဆလအခွဲ(၉၆၇)	မိတ္ထီလာ	စက်ယန္တရား၊ရေစက်
(စ)	ဆလအခွဲ(၉၅၁)	မန္တလေး	ရေစက်၊ လေမှုတ်စက်
(ဆ)	ရထပ(၁)	မိတ္ထီလာ	ထုပ်ပိုးခွံ
(ဇ)	ထပရ(၁၂၁)	မန္တလေး	ထုပ်ပိုးခွံ
(ဈ)	ထပရ(၆၂၆)	လားရှိုး	ထုပ်ပိုးခွံ
(ည)	ထပရ(၉၃၃)	ဗန်းမော်	ထုပ်ပိုးခွံ
(ဋ)	ပယာန(မန္တလေး)	မန္တလေး	ယာဉ်၊ စက်ဘီး၊ ဆိုင်ကယ်
(ဌ)	ပပန(မန္တလေး)	မန္တလေး	တာယာ၊ ကျွတ်၊ ဘက်ထရီ၊ ရုံးသုံးစက်ကိရိယာ
(ဍ)	တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ	မိတ္ထီလာ	စက်ပစ္စည်း၊ ယာဉ်အပိုပစ္စည်း
(ဎ)	မြန်မာစီးပွားရေးကော်ပိုရေးရှင်း		
	(၁) ဂေါ်တန်လုပ်ငန်း	မန္တလေး (ထုံးဘို)	တာယာ၊ ဘက်ထရီ
	(၂) သကြားစက်ရုံ	ကန့်ဘလူ	တာယာ၊ ဘက်ထရီ၊ ပီပါခွံ

ယသရ(၁)(မင်္ဂလာဒုံ)
(၁၂-၃-၂၀၀၇)မှ (၁၆-၃-၂၀၀၇)အထိ

စဉ်	ပစ္စည်းရှိရာတပ်	နေရာ	ပစ္စည်းအမျိုးအစား
(က)	ပထအ(၉၈၁)	မင်္ဂလာဒုံ	စက်ယန္တရား၊ ကျောက်သယ်ယာဉ်
(ခ)	ဆလအခွဲ(၉၅၅)	ပုသိမ်	မီးစက်၊ ရေစက်
(ဂ)	ဆအတ(၁)	သန်လျင်	မီးစက်၊ ရေစက်
(ဃ)	ထပရ(၃၂၃)	မင်္ဂလာဒုံ	ထုပ်ပိုးခွံ
(င)	ထပရ(၅၂၅)	မော်လမြိုင်	ထုပ်ပိုးခွံ
(စ)	ထပရ(၉၃၀)	တောင်ငူ	ထုပ်ပိုးခွံ
(ဆ)	ထပရ(၉၃၅)	ဘားအံ	ထုပ်ပိုးခွံ
(ဇ)	ယသရ(၁)	မင်္ဂလာဒုံ	ယာဉ်၊ စက်ဘီး၊ ဆိုင်ကယ်
(ဈ)	စနရ(၁)	အင်းတိုင်	ယာဉ်အပိုပစ္စည်း တာယာ၊ ကျွတ်၊ ဘက်ထရီ၊ ရုံးသုံးစက်ကိရိယာ
(ည)	တပ်မတော် ဖိနပ်စက်ရုံ	အင်းတိုင်	သားရေအတိုအစ ထုပ်ပိုးပစ္စည်း
(ဋ)	တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ	သမိုင်း	ထုပ်ပိုးပစ္စည်း
(ဌ)	တပ်မတော် အထည်ချုပ်စက်ရုံ	မင်္ဂလာဒုံ	အပ်ချုပ်စက်၊ ခြေအိတ်စက်
(ဍ)	တပ်မတော် မိုးရေကာဖျင်စက်ရုံ	မရမ်းကုန်း	ထုပ်ပိုးပစ္စည်း
(ဎ)	မြန်မာစီးပွားရေးကော်ပိုရေးရှင်း		
	(၁) အမှတ်(၃)သံမဏိစက်ရုံ	ရွာမ	တာယာ၊ ဘက်ထရီ၊ ပလတ်စတစ်ပုံးခွံ
	(၂) ထပရ(၃၂၃)	မင်္ဂလာဒုံ	တာယာ၊ ဘက်ထရီ၊ ပီပါခွံ

ပစ္စည်းများအား (၂၄-၂-၂၀၀၇)မှ (၁-၃-၂၀၀၇)အထိ ရုံးချိန်အတွင်း သွားရောက်ကြည့်ရှုနိုင်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

သတင်းကြေညာချက်

ရန်ကုန်မြို့။
၁၃၆၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၂ ရက်
၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်

၁။ ၂၀၀၇ခုနှစ် မတ်လ ၈ရက်မှစ၍ (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမနှင့် မြန်မာကွန်ဗင်းရှင်းစင်တာတို့တွင် ကျင်းပမည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုပါမည်။

၂။ ၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်လိုသူများသည် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမနှင့် မြန်မာကွန်ဗင်းရှင်း စင်တာတို့တွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာဆပ်ကော်မတီရုံးအဖွဲ့နှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ။

Sunflower Art Gallery မှ စီစဉ်သော
ဦးမောင်မောင်သိမ်း(ပုသိမ်)၊ ဆရာမ ချောအိသိမ်း
(၂၀၀၇) နွေရာသီ ပန်းချီသင်တန်း

မတ်(၁၅)ရက် စမည်။
စုံစမ်း အပ်နှံနိုင်ပါပြီ။

- အမှတ် ၄၆၊ အောင်မင်းဂေါင်(၁)လမ်း၊ ဝင်ဒါမီယာ၊ သံလွင်လမ်း၊ ကမာရွတ်။
- အမှတ် ၅၄၊ ရှမ်းကုန်းလမ်း၊ ပထမထပ်၊ မြေနီကုန်း။

ဖုန်း- ၅၃၄၂၇၁၊ ၆၆၀၃၇၅၊ ၀၉-၅၁-၃၄၁၁၂။
(ကလေးနှင့် လူကြီးများအတွက် ပုံမှန်သင်တန်းများ အမြဲဖွင့်လှစ်ထားသည်။)

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ခ/၂၃၈၄၊ Toyota Dyna L/T(4x2)ယာဉ် လက်ဝယ်ရှိသူ ဦးကျော်သိန်း မှတ်ပုံတင်အမှတ် ၁၃/တကန(နိုင်)၀၂၀၈၂၆ အမှတ်၆၃၊၆(A) မြေနီကုန်း(မြောက်) ရပ်ကွက် စမ်းချောင်းမြို့နယ်ကယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
တိုင်းရုံးခွဲ(ရွာသာကြီး)ရုံး၊ ရန်ကုန်မြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၆၀၁၉၆ Honda wave NF100 M မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူဦးအင်စိုးမှတ်ပုံတင်အမှတ် ၆/မအရ(နိုင်) ၀၀၈၆၀၃ကယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဦးစီးမှူးရုံး၊ (မြိတ်)။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၉၀၆၁၃ Honda C90 Custom မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရှင်ထွေး မှတ်ပုံတင်အမှတ် ၆/မအရ(နိုင်)၀၆၅၅၆၇က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဦးစီးမှူးရုံး၊ (မြိတ်)။

ဓာတုကုန်ကြမ်း(၉)မျိုး အဝယ်တင်ဒါ

၁။ **ဝယ်ယူမည့်ပစ္စည်းများ** - ဓာတုကုန်ကြမ်း (၉)မျိုး
၂။ **တင်ဒါပိတ်ရက်၊ အချိန်** - (၂၇-၂-၂၀၀၇)ရက်နေ့၊ ၁၄း၀၀နာရီ
၃။ **နေရာ** - နေပြည်တော်

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနများတွင် စုံစမ်း မေးမြန်းနိုင်ပါသည်။

	တယ်လီဖုန်းအမှတ်
မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း(ရုံးချုပ်)	၅၆၁၃၉၁၊
၁၉၂၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်	၅၆၆၇၁၅၊
ရန်ကုန်မြို့။	၅၆၆၇၁၆။

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ဝင်းအတွင်းရှိ စားသောက်ဆိုင်ခန်းအမှတ်(၁)၊ (၂)၊ (၃)အား ငှားရမ်းရောင်းချခွင့် ချိပ်ပိတ်တင်ဒါခေါ်ယူရန် ရှိပါသည်။

အသေးစိတ်အချက်အလက်များကို သိလိုပါက ၁၂-၃-၂၀၀၇ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း ဌာနခွဲမှူး(စီမံ)ထံတွင် စုံစမ်းနိုင်ပါသည်။

ဖုန်း-၅၁၃၂၀၁။
ဆိုင်ခန်းကြီးကြပ်ရေးကော်မတီ။

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် မဟာဗန္ဓုလလမ်း၊ အမှတ်၄၂ (၈)ထပ်တိုက်၏မြေညီထပ် (ခြေရင်းခန်း)နှင့် ပတ်သက်၍

ကြေညာခြင်း

ဖော်ပြပါတိုက်သစ်ကို မြေရှင်နှင့်ကန်ထရိုက် ဦးလွင်ဦး(ခ) ဦးစိုးလွင်ဦးတို့ တစ်ခြမ်းပေး တစ်ခြမ်းယူစနစ်ဖြင့်ဆောက်လုပ်ရာ ခြေရင်းဘက်ခြမ်းကို ကန်ထရိုက်က ခံစားရရှိပါသည်။ ဦးလွင်ဦး(ခ) ဦးစိုးလွင်ဦးသည် တိုက်သစ်ဆောက်ရန် မြေရှင်နှင့် စာချုပ်ပြီးနောက် မူလအိမ်ဟောင်း မဖျက်မီကပင် ယင်းတိုက်၏ မြေညီထပ်ခြေရင်းခန်းကို ဒေါ်တင်ဇာခိုင်အား ကြိုပွဲငွေစနစ်ဖြင့် ရောင်းချထားပြီး တိုက်ခန်းဖိုးစရန်ငွေများကို အရစ်ကျရယူထားကာ ယခုအခါ နောက်ဆုံးအရစ် ပေးချေ၍ တိုက်ခန်းလက်ရောက်ပေးအပ်ရန်အဆင့် ရောက်ရှိနေပါသည်။

ထို့ကြောင့် အဆိုပါတိုက်ခန်းကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းစသည့် လွှဲပြောင်းခြင်း တစ်မျိုးမျိုးမပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ကြေညာလိုက်ပါသည်။

ဒေါ်တင်ဇာခိုင်၏ ညွှန်ကြားချက်အရ-
ဦးဝင်းငွေ LL.B, D.B.L, D.M.L
တရားရုံးချုပ်ရှေ့နေ
အမှတ် ၅၆၁(ပထမထပ်)၊ M.A.C Tower၊ ကုန်သည်လမ်း၊
ရန်ကုန်မြို့။



Boxer ခွေး

မျိုးကောင်း၊ မျိုးသန့်သားပေါက်ကာကွယ်ဆေးထိုးပြီးရောင်းရန်
၂၃၆(က)၊ ဓမ္မစေတီလမ်း၊
အထက(၁)ဗဟန်းရှေ့။

ဝမ်းနည်းကြေကွဲခြင်း

တွဲဖက်ပါမောက္ခ Dr.ဦးဝင်းအောင်မြင့် (ဌာနမှူး စိတ်ရောဂါပညာဌာန မန္တလေး ဆေးတက္ကသိုလ်)- Dr.ဒေါ်သိန်းအေးတို့၏ မိခင် ဒေါ်ကျင်ရီ(ပုသိမ်) အသက်(၈၄)နှစ် သည် ၁၆-၂-၂၀၀၇ရက်တွင်ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲရပါကြောင်း။

မြင့်မြတ်တော်ဝင်ဆေးခန်းမိသားစု၊ ရန်ကုန်။

ဒေါ်ခေါ်ဆုတ်ကက်(ခ)
ဒေါ်ကက်
(တိုက်အိတ်ရွှေစက္ကူနှင့် အမွှေးတိုင်လုပ်ငန်း)
အသက်(၁၀၂)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၄) ရပ်ကွက်၊ ၁၉လမ်း၊ အမှတ် ၁၀၅နေ [ဦးအင်ထျန်စိန်(ခ)ဦးသန်းစိန်]၏ ဇနီး၊ (ဦးထွမ်ဟုမ်း)ဦးထွမ်းဟွန်း၊ ဦးစေ့ထွမ်း၊ ဦးအိန်းထွမ်း၊ ဒေါ်နာနာ့၊ ဒေါ်ကွမ်းကွမ်းတို့၏မိခင်၊ မြေး၂၀တို့၏ အဘွား၊ မြစ် ၁၅ယောက်တို့၏အဘေးသည် ၁၃-၂-၂၀၀၇ရက်(အင်္ဂါနေ့)နံနက် ၂း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့်၂၁-၂-၂၀၀၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင် သုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။။ (နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
စောစိုးမြင့်ဦး(ခ)ဖိုးတုတ်
A.G.T.I (MP) သန်လျင်
CDC - 47652
အသက်(၃၁)နှစ်

ရန်ကုန်တိုင်း၊အင်းစိန်မြို့နယ်၊မင်းကြီးလမ်း၊ အမှတ် ၅၂၆နေ ဒေါ်ဒေါင်းညို၏မြေး၊ မော်ဘီမြို့၊တိုးချဲ့(၂)အနောက်ခြမ်း၊ အနော်ရထာလမ်း၊ အမှတ် F-၁၃ နေ နော်ငြိမ်းငြိမ်းအေး၊ နော်ထရီဇာအောင်၊ နော်အင်ကြင်းခိုင်တို့၏အစ်ကို၊ စောအောင်တင်ဦး-နော်ဖဲစေးတို့၏သားသည် ၁၄-၂-၂၀၀၇ရက် ညနေ ၃း၃၀နာရီတွင် ဂျပန်နိုင်ငံ တိုဘားမြို့ နာကိုရာကမ်းရိုးတန်းအနီးတွင် တာဝန်ထမ်းဆောင်နေစဉ် ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ဒေသဖွံ့ဖြိုးမှုနှင့်နွေစပါးစိုက်ပျိုးပြီးစီးမှု ကြည့်ရှုစစ်ဆေး

ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် ဆောင်ရွက်မှု ဖြည့်ဆည်းပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဒါးပိန်ကျေးရွာအုပ်စု သခွတ်ပင်ကျေးရွာရှိ ဒါးပိန်–သခွတ်ပင်ကျေးရွာချင်းဆက်လမ်းပိုင်း ဖောက်လုပ်ပြီးစီးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဖြတ်သန်းကြည့်ရှု

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ယနေ့ မွန်းလွဲ ၁၂နာရီ ၄၅မိနစ်တွင် မော်တော်ယာဉ်များဖြင့်ထွက်ခွာလာကြပြီး ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် နွေစပါးစိုက်ပျိုးပြီးစီးမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ကြိုဆို

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် မွန်းလွဲ၂နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဒါးပိန်ကျေးရွာအုပ်စု သခွတ်ပင်ကျေးရွာသို့ ရောက်ရှိကြရာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းနိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❒

မှတ်တမ်းဓာတ်ပုံ

ကြည့်ရှုအားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ လှည်းကူးမြို့နယ် ဒါးပိန်ကျေးရွာတွင် ဦးသန်းလွင်၏ ပြည်ပ သွင်းကုန်အစားထိုး အိမ်တွင်းစက်မှုလက်မှု မှုလီစက်ရုံကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

မိုးလေဝသအခြေအနေ

၂၁–၂–၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

ပြည်သူတို့ ပျော်ရွှင်စိတ်ချမ်းမြေ့စွာ ဝယ်ယူနိုင်မည့် ပြည်သူ့ရင်ပြင်၊ ပြည်သူ့ဥယျာဉ် ပျော်ပွဲရွှင်ပွဲနှင့် ဈေးရောင်းပွဲတော် ပစ္စည်းများကို တစ်နေရာတည်းတွင် ဝယ်ယူနိုင်မည်

သတင်းမိတ်ဆက်–အထက်မင်းလှည္ဟနို့အောင်၊ ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၀

လူတို့၏အသက်ရှင်ရပ်တည်ရေးအတွက် စားရေး၊ ဝတ်ရေး၊ နေရေးဟူသော အခြေခံလိုအပ်ချက်သုံးရပ် ပြည့်စုံရန်လိုအပ်သည်။ စားရေးအတွက် စားသောက်ကုန်ပစ္စည်းများ၊ ဝတ်ရေးအတွက် အဝတ်အထည်ပစ္စည်းများ၊ နေရေးအတွက် အိမ်ဆောက်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ စသည်တို့ ပစ္စည်းမှန်၊ ဈေးမှန်ဖြင့် ပေါပေါများများ အလွယ်တကူရရှိနိုင်ရန် အထူးလိုအပ်ပေသည်။

ခင်းကျင်းပြသရောင်းချ

ပြည်သူများအနေဖြင့် လိုချင်သောပစ္စည်းများကို တစ်နေရာတည်းတွင် လိုသလောက်ဝယ်ယူနိုင်စေရန် ဈေးပွဲတော်များကို ခင်းကျင်းပြသရောင်းချ ကြသည်။

စက်မှု(၁)ဈေးပွဲတော်၊ သမဝါယမဈေးပွဲတော်၊ ပုဂ္ဂလိကကုမ္ပဏီများက ခင်းကျင်းပြသရောင်းချသည့် ဈေးပွဲတော်ဟူ၍ ဈေးပွဲတော်များကို ကျင်းပလေ့ရှိကြသည်။

မင်းသုကျော် Marketing Group မှ စုစည်းကျင်းပသော ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ပျော်ပွဲရွှင်ပွဲနှင့် အထူးဈေးရောင်းပွဲတော်ကြီးကို လာမည့် ဖေဖော်ဝါရီ ၂၈ရက်မှ မတ် ၄ ရက်အထိ နံနက် ၉နာရီမှည ၉နာရီအထိ ခင်းကျင်းပြသ ရောင်းချသွားမည့်သတင်းကို ကြားသိခဲ့ရသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ် ပျော်ပွဲရွှင်ပွဲနှင့် အထူးဈေးရောင်းပွဲတော်ကြီး ခင်းကျင်းထားမှုကို ဓမ္မစေတီလမ်း ဝင်ပေါက်၌ ဤသို့တွေ့ရသည်။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

21-2 (20) 1 2/21/07, 2:17 PM